# ပေါလု၏အကျဉ်းထောင်သြဝါဒစာများ

သင်ခန်းစာ နှစ်

ပေါလုနှင့် ကောလောသဲသြဝါဒစာ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏

ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန်အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူလူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ............................................................. 1

နောက်ခံသမိုင်း ............................................................. 2

**ပေါင်းသင်းဆက်ဆံရေး** ............................................................. 2

အသင်းတော် ............................................................. 2

ပုဂ္ဂိုလ်များ ............................................................. 4

**ကောလောသဲမြို့ရှိ ပြဿနာများ** ............................................................. 5

ဂရိအတွေးအခေါ် ............................................................. 6

ယုဒလူမျိုး၏တရားတော် ............................................................. 9

နာမ်ဝိညာဉ်များ ............................................................. 11

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ............................................................. 16

**နှုတ်ဆက်ခြင်း (၁း၁-၂)** ............................................................. 17

**အားပေးတိုက်တွန်းခြင်း (၁း၃-၁၄)** ............................................................. 17

**နောက်ဆုံးနှုတ်ဆက်ခြင်း (၄း၇-၁၈)** ............................................................. 18

**ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှု (၁:၁၅–၄:၆)** ............................................................. 19

ခရစ်တော်၏သာလွန်မြင့်မြတ်မှု(၁:၁၅-၂၀) ............................................................. 19

ခရစ်တော်၏အမှုတော်ဆောင်များ၏မြင့်မြတ်မှု (၁:၂၁–၂:၅) ............................................................. 25

ခရစ်တော်၌ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှု(၂း၆-၂၃) ............................................................. 28

ခရစ်ယာန်အသက်တာ၏သာလွန်မြင့်မြတ်မှု (၃:၁–၄:၆) ............................................................. 31

မျက်မှောက်ခေတ်ကျင့်သုံးမှု ............................................................. 35

**ခရစ်တော်အပေါ်သစ္စာစောင့်သိခြင်း** ............................................................. 35

**ဝိညာဉ်ရေးရာအာရုံစူးစိုက်ခြင်း** ............................................................. 38

နိဂုံး ............................................................. 43

# နိဒါန်း

အမေရိကန်စာရေးဆရာကြီး မာ့ခ်တွိန်းရေးသားသည့် "မင်းသားနှင့် လူမွဲ"ဟူသည့် ထင်ရှားသော ပုံပြင်တစ်ပုဒ်ရှိသည်။ ဤပုံပြင်တွင်၊ မင်းသားတစ်ပါးသည် ဆင်းရဲသားသူတောင်းစားတစ်ဦးအား သူ၏ ရဲတိုက်ထဲသို့ ဖိတ်ခေါ်ကာ၊ အပျော်သဘောဖြင့် အချင်းချင်း၏အဝတ်အစားကို လဲလှယ်ကြသည်။ ပုံပြင် အရ၊ သူတောင်းစားသည် မင်းသားဟုအထင်ခံရပြီး၊ ရဲတိုက်ထဲတွင်မင်းသားဘဝဖြင့် နေထိုင်သည်။ သို့သော် မင်းသားမှာ သူတောင်းစားဟုအထင်ခံရကာ၊ ရဲတိုက်ထဲမှ နှင်ထုတ်ခြင်းခံရသည်။ ရဲတိုက်ထဲမှ နှင်ထုတ်ခြင်းခံရမည်ကို မင်းသားအနေဖြင့်သိပါက၊ သူတောင်းစားနှင့်အဝတ်အစားပြောင်းဝတ်ဖို့ရန် သဘောတူမည်မဟုတ်သည်မှာ သေချာပါသည်။ ဤသို့ ရိုးရှင်းသည့် အပျော်သဘောဆော့ကစားခြင်း သည်ကြီးမားသောဆုံးရှုံးရမှုနှင့် လုံးဝမထိုက်တန်ပါ။

တစ်နည်းအားဖြင့်၊ ပထမရာစုအတွင်း ကောလောသဲမြို့၏အခြေအနေသည် “မင်းသားနှင့်လူမွဲ” ပုံပြင်နှင့် ဆင်တူသည်။ ကောလောသဲမြို့ရှိခရစ်ယာန်များသည် လှွဲမှားသောဝတ်ပြုကိုးကွယ်မှုပုံစံများ အတွက် ၎င်းတို့၏ခရစ်တော်၌ရှိသော မဟာအခွင့်ထူးများကိုလဲလှယ်ရန် သွေးဆောင်ခြင်းခံရသည်။ ထို့ကြောင့်၊ ပေါလုသည် အလုံးစုံတို့ကိုအုပ်စိုးသောရှင်ဘုရင်ခရစ်တော်၌ ရရှိခံစားခဲ့ရသော ကြီးမား သည့်စည်းစိမ်များနှင့် တော်ဝင်အခွင့်ထူးများအကြောင်း ကောလောသဲယုံကြည်သူများအား သတိပေးရန် သြဝါဒစာတစ်စောင်ရေးခဲ့သည်။ အနည်းငယ်သော အကျိုးအမြတ်များအတွက် ရုပ်တုကိုးကွယ်ဟန် ဆောင်ပူဇော်ကာ ဤကောင်းချီးမင်္ဂလာများအား အပေးအယူပြုခြင်း၏ ကြီးလေးသောအကျိုးဆက်များ ကို သူသတိပေးခဲ့သည်။

ဤသည်မှာ ပေါလု၏အကျဉ်းထောင်သြဝါဒစာများ အခန်းဆက်သင်ခန်းစာ၏ ဒုတိယမြောက် သင်ခန်းစာဖြစ်သည်။ ဤသင်ခန်းစာကို “ပေါလုနှင့် ကောလောသဲသြဝါဒစာ”ဟု ခေါင်းစဉ်တပ်ထားပါ သည်။ ဤသင်ခန်းစာတွင်၊ ကောလောသဲမြို့ရှိ ယုံကြည်သူများထံပေးပို့သော ပေါလု၏ကျမ်းတစ်စောင် ကို လေ့လာပါမည်။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း ပေါလုသည် အကျဉ်းထောင်ထဲတွင်ရှိစဉ်၊ ဝိညာဉ်ရေး ဆိုင်ရာနိမ့်ပါးသောပုဂ္ဂိုလ်များအားကြည်ညိုခြင်းကို ခရစ်ယာန်ကိုးကွယ်မှုထဲသို့ယူဆောင်လာသည့် မိစ္ဆာ ဒိဋ္ဌိသွန်သင်ချက်များအား တုံ့ပြန်သည့်အနေဖြင့် ကောလောသဲယုံကြည်သူများထံ ကျမ်းရေးခဲ့သည်။ ပေါလုနှင့် ကောလောသဲသြဝါဒစာအား လေ့လာခြင်းကို သုံးပိုင်းခွဲပါမည်။ ဦးစွာ၊ ကောလောသဲသြဝါဒစာ ၏နောက်ခံသမိုင်းကို လေ့လာပါမည်။ ဒုတိယ၊ ကျမ်း၏ဖွဲ့စည်းပုံနှင့်အကြောင်းအရာကို လေ့လာပါမည်။ တတိယ၊ ကျမ်း၏မျက်မှောက်ခေတ်ကျင့်သုံးခြင်းကို အာရုံစိုက်ပါမည်။ ကောလောသဲသြဝါဒစာ၏ နောက်ခံသမိုင်းကို ဦးစွာကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ခံသမိုင်း

ပေါလုသည် ယေရှုခရစ်၏တမန်တော်တစ်ဦးဖြစ်ပြီး၊ အကျဉ်းထောင်မှကျမ်းရေးခြင်းသည် ခရစ်တော်၏ကိုယ်စားလှယ်အဖြစ် သူ၏အခွင့်အာဏာဆိုင်ရာဓမ္မအမှုဆောင်ခြင်း၏ကဏ္ဍတစ်ခု ဖြစ်သည်။ သို့သော် ပေါလု၏ကျမ်းများသည် အခွင့်အာဏာဆိုင်ရာသွန်သင်ချက်များကို စုဆောင်းခြင်းမျှသာ မဟုတ်ပါ။ ယင်းအစား၊ ၎င်းကျမ်းတို့သည် အသင်းတော်များနှင့် သူရေးသားခဲ့သောလူများအတွက် မေတ္တာနှင့် အလေးထားလုံ့ဆော်ပေးခြင်းကြောင့် ပုဂ္ဂိုလ်ရေးနှင့်သင်းအုပ်ဆိုင်ရာ အလွန်ဆန်ပါသည်။ ဤသဘောအရ၊ ပေါလု၏ကျမ်းများသည် "အချိန်အခါဆိုင်ရာကျမ်း"လည်းဖြစ်သည်။ ဆိုလိုသည်မှာ၊ ၎င်းတို့သည် အထူးအချိန်များနှင့် နေရာဒေသများရှိ သီးခြားပြဿနာများကိုဖြေရှင်းရန် ရေးသားထားခြင်းဖြစ်သည်။ ထို့ကြောင့်၊ ကောလောသဲသြဝါဒစာကိုလေ့လာသောအခါ၊ ပေါလု၏အရေးအသားကို လှုံ့ဆော်ပေးသည့် အချိန်ကာလနှင့်ပတ်သက်၍ တစ်စုံတစ်ခုကိုသိရှိထားရန် အရေးကြီးသည်။ ဤကဲ့သို့သောမေးခွန်းများ မေးရန်လိုသည်_"ကောလောသဲယုံကြည်သူများသည် မည်သည့်ပြဿနာများ ကြုံတွေ့ခဲ့ရပြီး၊"သူတို့ဆီရေးဖို့ရန်မည်သည့်အရာသည် ပေါလုအားလှုံ့ဆော်ပေးခဲ့သနည်း။"

ကောလောသဲသြဝါဒစာ၏**နောက်ခံသမိုင်း**ကို ဦးတည်ချက်နှစ်ခုဖြင့် **ကျွန်ုပ်တို့**ချဉ်းကပ်ပါမည်။ ဦးစွာ၊ သူ၏ကောလောသဲအသင်းတော်နှင့်ယေဘုယျဆက်ဆံခြင်း၊ သီးခြားပုဂ္ဂိုလ်များနှင့်ဆက်ဆံခြင်းတို့ကို ဖော်ပြပါမည်။ ဒုတိယ၊ ပေါလုကိုအလေးထားစေသော ကောလောသဲမြို့ရှိပြဿနာအချို့ကို ကျွန်ုပ်တို့ လေ့လာပါမည်။ ကောလောသဲယုံကြည်သူများနှင့်ပေါလု၏ဆက်ဆံရေးကို စတင်ကြည့်ကြပါစို့။

## ပေါင်းသင်းဆက်ဆံရေး

ပေါလုသည် ကောလောသဲမြို့ရှိ ခရစ်ယာန်တိုင်းနှင့်တူညီသောဆက်ဆံရေးမရှိသောကြောင့်၊ အသင်းတော်နှင့်သူ၏ယေဘုယျဆက်ဆံရေးကို ကျွန်ုပ်တို့ဦးစွာအာရုံစိုက်မည်ဖြစ်ပြီး၊ ထို့နောက်မှ သီးခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံရေးကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်။ ကောလောသဲအသင်းတော်နှင့် သူ၏ဆက်ဆံရေးကို ဦးစွာကြည့်ကြပါစို့။

### အသင်းတော်

ကောလောသဲမြို့သည် အာရှတိုက်၏ရောမနယ်မြေ ဖီဂျီယာဟုခေါ်သော ဒေသတစ်ခုတွင် တည်ရှိသည်။ ပိုကြီးပြီး ထင်ရှားသောလောဒိကိမြို့၏အရှေ့ဘက်ရှိ လုကုချိုင့်ဝှမ်းတွင် တည်ရှိသည်။ ကောလောသဲမြို့သည်သေးငယ်သည်၊ ထိုခေတ်၏နိုင်ငံရေးနှင့် စီးပွားရေးစံနှုန်းအရ၊ ပေါလု၏ကျမ်းများကိုလက်ခံရရှိရန် အရေးမကြီးဆုံးမြို့ဖြစ်ခဲ့သည်မှာ သေချာသည်။ ပေါလုသည် ကောလောသဲမြို့ရှိ အသင်းတော်ကို အမှန်တကယ်လည်ပတ်ခဲ့ဖူးခြင်းမရှိသော်လည်း၊ သူတို့ကို လေးနက်စွာ ဂရုစိုက်ခဲ့သည်။ ကောလောသဲ ၂:၁ တွင် သူပြောထားသည်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင်တို့နှင့် လောဒိကိမြို့သူမြို့သားတို့မှစ၍၊ ငါ့မျက်နှာကို မမြင်ဘူးသောသူ ရှိသမျှတို့သည် (ကောလောသဲ ၂:၁)။

ယခုတွင်၊ ပေါလုသည် သူ၏ဒုတိယနှင့်တတိယသာသနာပြုခရီးစဉ်များအတွင်း ဖီဂျီယာကိုဖြတ်၍ ခရီးသွားခဲ့သော်လည်း၊ တစ်စုံတစ်ရာအကြောင်းကြောင့် ကောလောသဲအသင်းတော်ကို မလည်ပတ်ခဲ့ပေ။ သူသည် ကောလောသဲမြို့သို့ အသင်းတော်မတည်ထောင်မီရောက်ဖူးခြင်းဖြစ်နိုင်သည်။ သို့မဟုတ် ထိုမြို့သို့သွားရောက်လည်ပတ်ခဲ့သော်လည်း ထိုမြို့တွင် ခရစ်တော်၏နောက်လိုက်များနှင့်တွေ့ဆုံခွင့် မရခဲ့ခြင်းဖြစ်နိုင်သည်။ ကောလောသဲမြို့သို့ တစ်ခါမှမရောက်ဖူးခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ပေါလုသည် ဤယုံကြည်သူအများစုကို ပုဂ္ဂိုလ်ရေးအရမသိခဲ့ပါ။

မည်သို့ပင်ဆိုစေကာမူ၊ ပေါလုနှင့်ကောလောသဲယုံကြည်သူတို့၏ ဆက်ဆံရေးအကြောင်းအရာအချို့ကို သူတို့ထံရေးသော သူ၏ကျမ်းတွင်တွေ့ရသည့် အသေးစိတ်အချက်အလက်များနှင့် ကောလောသဲမြို့၌နေထိုင်သော ဖိလေမုန်ထံရေးသောကျမ်းအားဖြင့် ကျွန်ုပ်တို့လေ့လာနိုင်ပါသည်။ ဦးစွာ၊ ပေါလုသည်ကောလောသဲမြို့ရှိ သူ၏မိတ်ဆွေဧပဖြ၊ ဖိလေမုန်နှင့် ဩနေသိမ်နှင့် သူ၏တမန်တုခိတ်များမှတဆင့် ကောလောသဲမြို့နှင့် သွယ်ဝိုက်ဆက်သွယ်ခဲ့ကြောင်း ကျွန်ုပ်တို့ဖတ်ရပါသည်။ ဒုတိယ၊ ကောလောသဲယုံကြည်သူတို့နှင့် မျက်နှာချင်းဆိုင်မတွေ့ခဲ့ကြသော်လည်း ပေါလုနှင့်အချင်းချင်း အပြန်အလှန်ဆက်သွယ်ခဲ့ကြသည်။ ဥပမာ၊ ဧပဖြသည် ကောလောသဲမြို့၏သတင်းများကို ပေါလုထံယူဆောင်ခဲ့သည်။ ပေါလုသည် ကောလောသဲမြို့ရှိအသင်းတော်ထံသို့ ကောလောသဲဩဝါဒစာဟူသည့် ကျမ်းတစ်စောင် အနည်းဆုံးပေးပို့ခဲ့သည်။ တတိယ၊ ပေါလုနှင့် ကောလောသဲယုံကြည်သူတို့သည် အချင်းချင်းအတွက် အမှုဆောင်ခဲ့ကြသည်။ ဥပမာ၊ ပေါလုသည်သူတို့ကိုယ်စား အကျဉ်းထောင်ထဲတွင် ရုန်းကန်ခဲ့ရသည်သာမက၊ သူတို့အတွက် အထူးသဖြင့်ဆုတောင်းပေးခဲ့သည်။ ကောလောသဲ ၁:၉ တွင် ရေးထားသကဲ့သို့—

> ထို့ကြောင့်၊ ငါတို့သည်ကြားရသည်နေ့မှစ၍၊ သင်တို့အဘို့အလို့ငှါ အစဉ်မပြတ်ဆုတောင်း ပဌနာပြုလျက်နေကြ၏ (ကောလောသဲ ၁:၉)။

ပေါလုသည် အကျိုးအရှိဆုံးဖြစ်မည်ဟု သူသိထားသည့်ကောင်းချီးမင်္ဂလာများကို ကောလောသဲယုံကြည်သူများအတွက် ပုံမှန်ဆုတောင်းပေးခဲ့သည်။

ကောလောသဲယုံကြည်သူများသည်လည်း ပေါလုအပေါ် အမှုဆောင်ခဲ့ကြသည်။ ကောလောသဲယုံကြည်သူ ဧပဖြနှင့် ဩနေသိမ်တို့သည် ပေါလုထံ အကျဉ်းထောင်ထဲတွင် လာရောက်လည်ပတ်ကြကြောင်း ကောလောသဲနှင့်ဖိလေမုန်ထံရေးသော ပေါလု၏ကျမ်းများတွင် တွေ့ရသည်။ ကောလောသဲအသင်းတော်သည် ပေါလုထံသို့ သံတမန်များစေလွှတ်သောကြောင့်၊ သူ့အတွက်လည်း ဆုတောင်းပေးကြသည်ဟု ယူဆရန်သင့်လျော်ပါသည်။ အတိုချုပ်အားဖြင့်၊ ပေါလုသည် ကောလောသဲယုံကြည်သူအများစုကို ပုဂ္ဂိုလ်ရေးအရမတွေ့ဆုံဖူးသော်လည်း၊ ချစ်ခင်ရင်းနှီးမှုကို အချင်းချင်းမျှဝေကာ ၎င်းတို့၏ဆက်ဆံရေးကို မှန်ကန်၍ကြီးမားသောဆက်ဆံရေးဖြစ်စေသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သင့်အနေဖြင့် ကောလောသဲဩဝါဒစာကို စတင်ဖတ်ရှုသောအခါ၊ သူသည် သူတို့အပေါ် မည်မျှချစ်ခင်မြတ်နိုးကြောင်း ချက်ချင်းသိလာမည်ဖြစ်သည်။ ယခု၊ ကျမ်း၏နောက်ပိုင်းတွင်ဖော်ပြထားသည့်ပြဿနာများအရ၊ အချို့သောပြဿနာ အကြောင်းအရာများကို သူကြားခဲ့သည်မှာ ထင်ရှားသည်။ သို့သော် ... သူတို့၏ဖွဲ့၊ စိတ်အားထက်သန်မှုနှင့် ယုံကြည်ခြင်း၌ကြီးထွားမှုအတွက် ကျေးဇူးတော်ကို ချီးမွမ်းပြီး၊ ဆက်လက်၍ခံနိုင်ရည်ရှိရန် သူတို့အတွက် ဆုတောင်းပေးသည်။ ထို့နောက်၊ ဘုရားသခင်သည် သူတို့ကို အမှောင်အုပ်စိုးမှုမှ အလင်းတော်၏ စိုးမိုးမှုထဲသို့ ပို့ဆောင်ပေးခဲ့သော ဧဝံဂေလိတရား၏တန်ခိုး၌ သူတို့နှင့်သူ နှစ်ဦးစလုံး မျှဝေခံစားကြောင်းယုံကြည်မှုဖြင့် နှုတ်ဆက်စကားကို အဆုံးသတ် ခဲ့သည်။ ထို့နောက် သူသည် "ကျွန်ုပ်တို့" ဟူ၍ နှစ်ကြိမ်ပြောဆိုသည်။ ထို့ကြောင့် ပြဿနာများကိုမဖော်ပြမီတွင်ပင်၊ သူတို့ကိုချီးမွမ်းပြီး သူတို့အတွက် ဆုတောင်း ပေးသည်။ ထို့ကြောင့်၊ ပေါလုသည် သူတို့အား အလွန်ချစ်ခင်မြတ်နိုးသောစိတ် ဖြင့် ပြောဆိုသည်မှာထင်ရှားသည်။ ဤသည်မှာ အချင်းချင်းအပေါ် မျှဝေထား သော ချစ်ခြင်းမေတ္တာနှင့် ဝန်ခံကာလုပ်ဆောင်ခြင်းဖြင့်၊ ယနေ့အသင်းတော်တွင် ပြဿနာများကိုဖြေရှင်းရန် အမှန်တကယ် ကောင်းမွန်သောစံနမူနာတစ်ခု ဖြစ်သည်။

**သိက္ခာတော်ရဆရာကြီး Michael J. Glodo**

ကောလောသဲမြို့ရှိအသင်းတော်နှင့် ပေါလု၏ဆက်ဆံရေးကိုမြင်ပြီးနောက်၊ သူနှင့်ပိုရင်းနှီးသော သီးခြားပုဂ္ဂိုလ်များနှင့်ဆက်ဆံရေးကို ကျွန်ုပ်တို့ကြည့်ရှုသင့်သည်။

## ပုဂ္ဂိုလ်များ

ပေါလုတွင် ကောလောသဲမြို့မှ မိတ်ဆွေများစွာရှိသည်။ ဤသူတို့သည် သူနှင့်ရင်းနှီးသူများဖြစ် သည်သာမက ပုဂ္ဂိုလ်ရေးဆိုင်ရာမိတ်ဆွေများဖြစ်ကြကာ၊ အများစုသည် ပေါလုနှင့်အတူ ဧဝံဂေလိဓမ္မ အမှုတော်တွင် ပါဝင်ခဲ့ကြသည်။ ထိုမိတ်ဆွေသုံးဦးမှာ ဖိလေမုန်၊ အပ္ပိနှင့် အာခိပ္ပုတို့ဖြစ်သည်။ ဖိလေမုန် ၁-၂ တွင်၊ ကျမ်း၏နှုတ်ဆက်ခြင်းပုံစံဖြစ်သည့် ပေါလု၏စကားများကိုနားထောင်ပါ_

> ယေရှုခရစ်နှင့်စပ်ဆိုင်သောအားဖြင့် အကျဉ်းခံရသော ငါပေါလုနှင့် ငါ့ညီတိမောသေသည်၊ ငါတို့ချစ်သော လုပ်ဘော်ဆောင်ဘက်ချင်းဖိလေမုန်၊ ငါတို့ချစ်သောနှမအပ္ပိ၊ ငါတို့စစ်သူရဲချင်း အာခိပ္ပုမှစ၍ သင်၏အိမ်၌ရှိသော အသင်းတော်ကို ကြားလိုက်ပါ၏ (ဖိလေမုန် ၁-၂)။

ဖိလေမုန်သည် ပေါလု၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည်။ အမျိုးသမီးအပ္ပိအကြောင်း ပေါလု၏ ဖော်ပြချက်တွင်၊ သူသည် သူမကိုလည်းသိကြောင်းဖော်ပြနေပုံရသည်။ ပညာရှင်အများအပြားက သူမ သည် ဖိလေမုန်၏မိသားစုဝင်တစ်ဦးဖြစ်သည်—ဇနီးဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။ အာခိပ္ပုသည် အသင်းတော်အတွင်း အရေးပါသူတစ်ဦးဖြစ်သောကြောင့်၊ ပေါလု၏နှုတ်ဆက်ခြင်းသည် ချီးမွမ်းခြင်း ဖြစ်နိုင်သည်။ သို့သော် သူသည်ဖိလေမုန်မိသားစု၏အစိတ်အပိုင်းတစ်ခုဖြစ်သည်၊ သားဖြစ်နိုင်သည်။

ကောလောသဲမြို့မှ ပေါလု၏မိတ်ဆွေနောက်တစ်ဦးမှာ ဧပေဖြဖြစ်သည်။ ပေါလုသည် ဧပေဖြအား သူ၏လုပ်ဖော်ဆောင်ဖက်နှင့် အကျဉ်းသားချင်းအဖြစ်လည်းကောင်း၊ ခရစ်တော်၏သစ္စာစောင့်သိသော အမှုတော်ဆောင်အဖြစ်လည်းကောင်း ရည်ညွှန်းဖော်ပြခဲ့သည်။ ကောလောသဲအသင်းတော်ထံ ပေါလု ကျမ်းပေးပို့သည့်အချိန်တွင် ဧပေဖြသည်ပေါလုနှင့်အတူ အကျဉ်းထောင်ထဲတွင် ရှိနေခဲ့သည်။ ပေါလု၏ မိတ်ဆွေ သြနေသိမ်သည်လည်း ကောလောသဲမြို့မှဖြစ်သည်။ သြနေသိမ်သည် ဖိလေမုန်ထံမှ ထွက်ပြေး ပြီးနောက် ပေါလုကိုလိုက်ရှာခဲ့ပုံရပြီး၊ အကျဉ်းကျနေသည့် ပေါလုအတွက် ထောင်ထဲတွင်အမှုဆောင်ခဲ့ သည့် ကျွန်တစ်ဦးဖြစ်သည်။

ပေါလု၏မိတ်ဆွေအများစုသည် ဖိလေမုန်နှင့် တစ်နည်းနည်းဖြင့် ဆက်စပ်နေပုံရသည်။ သူတို့ အချင်းချင်းကြား ဆက်ဆံရေးမည်သို့ပင်ရှိစေကာမူ၊ ပေါလုသည် ကောလောသဲအသင်းတော်နှင့် ယေဘူ ယျဆက်ဆံမှုထက် ဤသူတို့နှင့် ပိုမိုရင်းနှီးသောဆက်ဆံရေးရှိကြောင်း ထင်ရှားသည်။ ကောလောသဲ သြဝါဒစာတွင်ဖော်ပြသည့်အတိုင်း၊ ဤမိတ်ဆွေများနှင့် သူ၏ဆက်ဆံရေးသည် ကောလောသဲမြို့ရှိ ယုံကြည်သူအားလုံးအပေါ် သူ၏ချစ်ခြင်းမေတ္တာကို တိုးပွားစေသည်။ ထို့ကြောင့် ယေဘူယျအားဖြင့် ပြောရလျှင်၊ ပေါလုသည် ကောလောသဲအသင်းတော်နှင့် အနည်းငယ်မျှသော ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆက်ဆံ ရေးရှိခဲ့သော်လည်း၊ ၎င်းရှိယုံကြည်သူများကို လေးနက်စွာနှင့် ပုဂ္ဂိုလ်ရေးအရလည်း ဂရုစိုက်ခဲ့သည်။ သူ၏လေးနက်သည့် ခင်မင်မှုများကြောင့်၊ ၎င်းတို့၏အသင်းတော်အတွက် ပြင်းပြသည့် ခံစားချက်များ ရှိခဲ့သည်။

ပေါလု၏ ကောလောသဲယုံကြည်သူများနှင့်ယေဘူယျဆက်ဆံခြင်း၊ သီးခြားပုဂ္ဂိုလ်များနှင့် ဆက်ဆံခြင်း၏နောက်ခံသမိုင်းကို ဆန်းစစ်ပြီးနောက်၊ ပေါလုကိုအလေးထားစေသော ကောလောသဲ မြို့ရှိပြဿနာများကိုကြည့်ရှုရန် ကျွန်ုပ်တို့အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ကောလောသဲယုံကြည်သူ များသည် မည်သည့်အခက်အခဲများကို ရင်ဆိုင်ခဲ့ရသနည်း။ အကျဉ်းထောင်မှ သူတို့ထံကျမ်းရေးရန် မည်သည့်အရာသည် ပေါလုအားလှုံ့ဆော်ခဲ့သနည်း။

## ကောလောသဲမြို့ရှိ ပြဿနာများ

ပေါလုသည် အကျဉ်းထောင်ထဲတွင်ရှိစဉ်၊ ကောလောသဲမြို့မှသူ၏မိတ်ဆွေ ဧပေဖြသည် သူ့ထံ အလည်လာခဲ့သည်။ ကောလောသဲအသင်းတော်အပါအဝင် လုကုချိုင့်ဝှမ်းရှိ အသင်းတော်များကို ခြိမ်းခြောက်နေသည့် မှားယွင်းသောသွန်သင်ချက်အချို့အကြောင်း ဧပေဖြသည်ပေါလုအား ပြောပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့်၊ ဤမှားယွင်းသောသွန်သင်ချက်မှ အသင်းတော်ကိုခုခံကာကွယ်ရန် ကောလောသဲယုံကြည်သူတို့ထံ ပေါလုစာရေးခဲ့သည်။

ကောလောသဲမြို့ရှိ မှားယွင်းသောသွန်သင်ခြင်းဆိုင်ရာ ပြဿနာများ၏အသေးစိတ် အချက်အလက်အားလုံးကို ကျွန်ုပ်တို့မသိသော်လည်း၊ ပေါလု၏ကျမ်းတွင် အကြောင်းအရာများစွာကို ဖော်ပြထားသည်။ ပထမ၊ ကောလောသဲရှိ မှားယွင်းသောသွန်သင်ချက်သည် ခရစ်ယာန်ဘာသာနှင့်ဂရိအတွေးအခေါ် အခြေခံလောကီတရားများကို ရောနှောထားပုံရသည်။ ဒုတိယ၊ ၎င်းသည် ယုဒလူမျိုး၏တရားတော်နှင့် များစွာသက်ဆိုင်သည်။ တတိယအချက်မှာ၊ ၎င်းသည် ခရစ်ယာန်များ ကြည်ညိုလေးစားရန်လိုအပ်သည့် နာမ်ဝိညာဉ်များစွာရှိကြောင်း အခိုင်အမာဆိုသည်။ ဂရိအတွေးအခေါ်ဆိုင်ရာ သွန်သင်ချက်၏ရှုထောင့်များကို ဦးစွာကြည့်ကြပါစို့။

## ဂရိအတွေးအခေါ်

ပထမရာစု၌ မြေထဲပင်လယ်ဒေသတွင် ဘာသာရေးနှင့် ဉာဏ်ရည်ဉာဏ်သွေးဆိုင်ရာ တွေးခေါ်မှုအကြား သိသာထင်ရှားသည့်ခြားနားမှု မရှိပါ။ ရလဒ်အနေဖြင့် "အတွေးအခေါ်" ဟူသောစကားလုံးသည် အထူးသဖြင့် ဘာသာရေးထုံးတမ်းစဉ်လာများအပေါ်အခြေခံထားသည့် လောကီဘာသာတရားများနှင့် သက်ဆိုင်ပါသည်။ ဤခေလေ့ထုံးတမ်းများတွင် အထူးလျှို့ဝှက်ဆန်းကြယ်မှုများနှင့် ထုံးတမ်းစဉ်လာများအပြင် လျှို့ဝှက်အသိပညာနှင့် ဉာဏ်ပညာတို့ပါဝင်လေ့ရှိသည်။ ဝမ်းနည်းစရာမှာ၊ ဤလောကီအတွေးအခေါ်များထဲမှ အချို့သည် ကောလောသဲမြို့ရှိ အသင်းတော်ထဲသို့ ဝင်ရောက်လာသည် ။

ကောလောသဲ ၂:၁-၄ တွင် ဤလောကီအတွေးအခေါ်များနှင့်ပတ်သက်၍ ပေါလု၏အလေးထားမှုကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်_

> သင်တို့နှင့် လောဒိကိမြို့သူမြို့သားတို့မှစ၍…ခမည်းတော်ဘုရားနှင့် ခရစ်တော်၏ နက်နဲသောအရာကိုနားလည်နိုင်သော ဝိစိကိစ္ဆာနှင့် ကင်းစင်သောဉာဏ်၏ စည်းစိမ်အပေါင်းနှင့် ပြည့်စုံ၍…အဘယ်မည်သောသူမျှ ဖြားယောင်းသော စကားအားဖြင့် သင်တို့ကို မလှည့်ဖြားစေခြင်းငှါ၊ ဤစကားကို ငါပြောဆို၏ (ကောလောသဲ ၂:၁-၄)။

ဤနေရာတွင် ပေါလု၏စကားများက ကောလောသဲယုံကြည်သူများသည် နက်နဲသောအရာ၊ ဉာဏ်ပညာနှင့် အသိပညာတို့ကိုလည်းကောင်း၊ ဂရိအတွေးအခေါ်နှင့် ဘာသာတရားအားလုံးကိုလည်းကောင်း အများအားဖြင့်တန်ဖိုးထားကြောင်း ဖော်ပြသည်။ ထို့ကြောင့်၊ ကောလောသဲမြို့ရှိအသင်းတော်တွင် ဤတန်ဖိုးများကို အားပေးအားမြှောက်ပြုနေကြသည့် မိစ္ဆာဆရာများ၏ပြောဆိုမှုကို တုံ့ပြန်သည့်အနေဖြင့်၊ ပေါလုသည် စစ်မှန်သောလျှို့ဝှက်ဆန်းကြယ်မှု၊ ဉာဏ်ပညာနှင့် အသိပညာတို့ကို ခရစ်တော်၌သာတွေ့ရှိရပြီး၊ လွဲမှားသောဘာသာတရားတွင်မတွေ့ရှိကြောင်း အလေးပေးဖော်ပြခဲ့သည်။ ထို့နောက် ကောလောသဲ ၂:၈ တွင် ပေါလုသည် လွဲမှားသောအတွေးအခေါ်ကို ၎င်း၏ပစ်မှတ်အဖြစ် အတိအလင်းဖော်ပြခဲ့ပြီး၊ သံသယအသုံးအနှုန်းများဖြင့် ရှုတ်ချခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနကိုလိုက်၍၊ လောကီပညာနှင့် အချည်းနှီးသောပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့ (ကောလောသဲ ၂:၈)။

ဤတွင်၊ ပေါလုသည် မှားယွင်းသောသွန်သင်ချက်ကို "လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်" ဟုတိုက်ရိုက်တံဆိပ်တပ်ခဲ့သည်။ ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ပုံမှန်ဂရိအသုံးအနှုန်းတွင် အတွေးအခေါ်ဟူသောစကားလုံးသည် ဓလေ့ထုံးတမ်းများကိုအခြေခံ၍၊ ဉာဏ်ရည်ဉာဏ်သွေး သို့မဟုတ် ဆင်ခြင်တုံတရားလေ့လာခြင်းသက်သက်မဟုတ်ဘဲ ထုံးတမ်းစဉ်လာများအပေါ်အခြေခံသော ဘာသာတရားဆိုင်ရာ ထင်မြင်ယူဆချက်များကို ရည်ညွှန်းသည်။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ဂရိဘာသာတရားတွင် အမြစ်တွယ်နေပြီး၊ လျှို့ဝှက်ဆန်းကြယ်ဝိဇ္ဇာအလေ့အကျင့်များဖြင့် စွဲငြိနေကြောင်း ဤအခန်းငယ်များက အခိုင်အမာဖော်ပြသည်။ သူတို့သည် အသင်းတော်၏လက်ခံမှုရရှိရန်၊ ခရစ်ယာန်ဘာသာ၏အခြေခံလောကီတရားအချို့ကို လက်ခံယုံကြည်ကြသည်။ သို့သော်သူတို့သည် တမန်တော်များ သွန်သင်ထားသည့်အတိုင်း ခရစ်ယာန်ဘာသာကို ရှင်းလင်းစွာမယုံကြည်ကြပေ၊ သို့မဟုတ်ပါက ၎င်းတို့ စနစ်၏အခြေခံအဖြစ် လျှို့ဝှက်ဆန်းကြယ်ဓလေ့ထုံးတမ်းများကို မှီခိုအားထားခဲ့ကြမည်မဟုတ်ပါ။

> ကောလောသဲ ၂:၈ တွင် ပေါလုသည် ယေဘုယျအားဖြင့် အတွေးအခေါ်ကို ဆန့်ကျင်ပုံရသည်၊ သို့သော် သူ၏ပြောဆိုချက်သည် ထိုသို့မဟုတ်ပါ။ "လောကီပညာရပ်ကိုသတိပြုကြလော့" per se ဟုမဆိုဘဲ၊ "လောကီပညာကို သတိပြုကြလော့" philosophia ဟုဆိုသည်။ ဆိုလိုသည်မှာ၊ သူသည် ကောလောသဲယုံကြည်သူများကို ရှောင်ရှားစေလိုသော သီးခြားအတွေးအခေါ် တစ်ခုအကြောင်း ပြောနေခြင်းဖြစ်သည်။ ထိုအတွေးအခေါ်သည် ကောလောသဲ၏မှားယွင်းသောအယူဝါဒဟု ပညာရှင်များက ခေါ်ဝေါ်ကြသည့် အတွေးအခေါ် ဖြစ်ပြီး၊ ကောလောသဲသြဝါဒစာတွင်ဖော်ပြထားသော ရှင်ပေါလုဆန့်ကျင်သည့် မှားယွင်းသောအယူဝါဒဖြစ်သည်။ ဤမှားယွင်းသော အယူဝါဒတွင်၊ ကောလောသဲယုံကြည်သူများသည် ခရစ်တော်အား ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းနည်းလမ်းအဖြစ်မှလည်းကောင်း သို့မဟုတ် ဘုရားသခင်နှင့် မှန်ကန်သောဆက်ဆံရေးနည်းလမ်းအဖြစ်မှလည်းကောင်း၊ ဝိညာဉ်ရေးစွမ်းအားများ၊ ဓလေ့ထုံးတမ်းများကို မြှင့်တင်ပေးခဲ့သူအဖြစ်လည်းကောင်း ...လျှို့ဝှက်ဆန်းကြယ်သော အတွေ့အကြုံများအား ပေးသူအဖြစ်မှလည်းကောင်း နှိမ့်ချခဲ့သည်။ ထို့ကြောင့် ပေါလုက "လောကီပညာကို သတိပြုကြလော့" ဟုပြောသောအခါ၊ "ယေရှုကို နှိမ့်ချသောအရာများကို သတိပြုကြလော့" ဟုပြောနေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ယေရှုသည်

> အုပ်စိုးမှုနှင့် အခွင့်အာဏာအားလုံး၏ဦးခေါင်းဖြစ်သည်။ သင်သည် ဘုရားသခင်ကိုလိုချင်ပါက၊ ခရစ်တော်ယေရှုကိုရအောင်ယူရမည်။ ထို့ကြောင့်၊ အနှောင့်အယှက်ဖြစ်စေမည့် အခြားအရာများကို သတိထားပါ။

**Dr Alan Hultberg**

ကောလောသဲမြို့ရှိ မိစ္ဆာဆရာများထောက်ခံအားပေးသည့် လွဲမှားသောအတွေးအခေါ်တွင်လည်း ခြိုးခြံခြင်းအယူဝါဒ၏အခြေခံလောကီတရားများ ပါဝင်ပုံရသည်။ ခြိုးခြံခြင်းအယူဝါဒသည်–

> ရုပ်ပိုင်းဆိုင်ရာပျော်ရွှင်မှုကို မလျော်ကန်စွာရှောင်ကြဉ်ခြင်း

ဤအယူအဆက ပျော်ရွှင်မှုသည် အကျင့်ယိုယွင်းမှုဖြစ်သည်ဟူသော မှားယွင်းသောအယူအဆတွင် အမြစ်တွယ်ပြီး၊ တစ်ခါတစ်ရံမိမိကိုယ်ကို နာကျင်အောင် ကိုယ်ထိလက်ရောက် လှုံ့ဆော်သည်အထိ တွန်းအားပေးတတ်ပါသည်။ ကောလောသဲ ၂:၂၀-၂၃ တွင် ပေါလုသည် ထိုကဲ့သို့သော ခြိုးခြံခြင်းအယူဝါဒကို ရှုတ်ချခဲ့သည်။

> သင်တို့သည် ခရစ်တော်နှင့် အတူသေ၍၊ လောကီတရားနှမှ စုတေ့ကြသည် မှန်လျှင်၊ မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့်ဟူသော ပညတ်စကားကို လောကီအသက်ရှင်သေးသကဲ့သို့ အဘယ်ကြောင့် နားထောင်ကြသနည်း။ လူတို့၏ပညတ်ဩဝါဒအတိုင်း စောင့်ရှောက်သော ထိုပညတ်ရှိသမျှတို့သည် ပုပ်ပျက်စေခြင်း အကြောင်းဖြစ်ကြ၏။ ထိုသို့သော ပညတ်တို့သည် ကိုယ်အသားကို ဝပြောစွာကျွေးမွေးခြင်းနှင့်မဆိုင်၊ ကိုယ်အလိုအလျောက် ကိုးကွယ်ခြင်း၊ စိတ်နှိမ့်ချခြင်း၊ ကိုယ်ကာယကို နှိပ်စက်ခြင်းနှင့်ဆိုင်၍၊ ပညာရှိယောင်ဆောင်ကြ၏ (ကောလောသဲ ၂:၂၀-၂၃)။

ဤကျမ်းပိုဒ်တွင်ဖော်ပြသည့်အတိုင်း၊ ပေါလုသည် ကောလောသဲမြို့ရှိ ခြိုးခြံခြင်းဓလေ့ထုံးစံများကို အနည်းဆုံးအကြောင်းရင်းနှစ်ခုဖြင့် ကန့်ကွက်ခဲ့သည်။ ရှေးဦးစွာ၊ သူတို့၏ခြိုးခြံခြင်းအယူဝါဒသည် "လောကီတရား"ကိုအခြေခံသည်။ ဤအသုံးအနှုန်းသည် နာမ်ဝိညာဉ်များနှင့် ကောင်းကင်တမန်များ၏တန်ခိုးများအားရည်ညွှန်းသည်ကို ဤသင်ခန်းစာနောက်ပိုင်းတွင် တွေ့ရမည်ဖြစ်သည်။ ဒုတိယ၊" ကိုယ်ကာယကို နှိပ်စက်ခြင်း"တွင်တန်ဖိုးမရှိပါ။ ခြိုးခြံခြင်းအယူဝါဒသည် အပြစ်ကိုတွန်းလှန်ရန် မည်သူကိုမှ အမှန်တကယ် မစွမ်းဆောင်ပေးနိုင်သောကြောင့်၊ ၎င်းသည်အကျိုးကျေးဇူးမပေးပါ။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ဉာဏ်ပညာကိုဆောင်ကြဉ်းပေးပြီး၊ စုံစမ်းနှောင့်ယှက် ခြင်းမှခိုင်ခံ့စေသော အသင်းတော်၏စစ်မှန်သောသွန်သင်ချက်များတွင် ဂရိဘာသာရေးနှင့် အတွေးအခေါ်ဆိုင်ရာ ထုံးတမ်းစဉ်လာများကိုရောနှောရန် ယုံကြည်သူများကိုကြိုးစားခဲ့ကြသည်။ သို့သော် လက်တွေ့တွင်၊ သူတို့ပေးသော ဉာဏ်ပညာသည်လွဲမှားပြီး၊ ၎င်းတို့၏ကျင့်စဉ်များသည် တန်ဖိုးမရှိပါ။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဂရိအတွေးအခေါ်နှင့်ဆက်စပ်နေသော ကောလောသဲရှိပြဿနာများအပြင်၊ မိစ္ဆာဆရာများသည် ယုဒလူမျိုး၏တရားတော်အပေါ်အခြေခံသည့်အလေ့အကျင့်များစွာကို မြှင့်တင်ခဲ့ကြသည်။ သို့သော် ယုဒလူမျိုး၏တရားတော်အား ၎င်းတို့၏အသုံးပြုမှုနှင့် နားလည်မှုတို့သည် ရိုးရာယုဒဘာသာနှင့် မှန်ကန်သောခရစ်ယာန်ကျင့်ထုံးများမှ လွဲသွားခဲ့သည်။

## ယုဒလူမျိုး၏တရားတော်

ယခင်သင်ခန်းစာတွင် ကျွန်ုပ်တို့တွေ့ခဲ့သည့်အတိုင်း၊ ပေါလုသည် မောရှေပညတ်တရား၏တန်ဖိုးများကို ထောက်ခံခဲ့သည်။ သူသည် ဧဝံဂေလိတရားကိုထောက်၍ ယုဒလူမျိုး၏ရိုးရာအလေ့အထများစွာကိုလက်ခံကာ ကျင့်သုံးလိုစိတ်ရှိခဲ့သည်။ ထို့ကြောင့်၊ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် တရားတော်ကို မှန်ကန်သောနည်းလမ်းဖြင့် အသုံးပြုခဲ့မည်ဆိုလျှင်၊ သူတို့၏၎င်းကိုအသုံးပြုမှုအပေါ် ပေါလုအနေဖြင့်ဝေဖန်မည်မဟုတ်ပါ။ မိစ္ဆာဆရာများသည် ယုဒလူမျိုး၏သွန်သင်ချက်များနှင့် ကျင့်ထုံးများကို မှားယွင်းသောနည်းများဖြင့် အသုံးပြုနေကြောင်း သူ၏ဝေဖန်မှုများက ဖော်ပြသည်။ ကောလောသဲ ၂:၁၆ တွင်၊ ပေါလုသည်မိစ္ဆာဆရာများအလွဲသုံးစားလုပ်ခဲ့သော ယုဒလူမျိုး၏အလေ့အကျင့်များစွာကို ဤသို့ ကိုးကားခဲ့သည်–

> ထို့ကြောင့် စားသောက်ခြင်းအမှု၊ ပွဲနေ့၊ လဆန်းနေ့၊ ဥပုသ်နေ့တို့ကို စောင့်ခြင်းအမှုတွင် သင်တို့ကို အဘယ်သူမျှ မစစ်ကြောမစီရင်စေနှင့် (ကောလောသဲ ၂:၁၆)။

ကောလောသဲမြို့ရှိမိစ္ဆာဆရာများသည် ဓမ္မဟောင်းတရားတော်တွင် မပါဝင်သော အချို့သော ဓလေ့ထုံးတမ်းများကို အလေးပေးဖော်ပြသည်မှာ ထင်ရှားသည်။ ၎င်းတို့တွင် ဘာသာရေးပွဲတော်များ၊ လဆန်းပွဲများနှင့် ဥပုသ်နေ့များစသည့် ယုဒလူမျိုးပြက္ခဒိန်၏အထူးပွဲတော်များအပြင်၊ အစားအစာဆိုင်ရာကန့်သတ်ချက်များပါဝင်သည်။ သို့သော် မောရှေ၏ပညတ်တွင် သတ်မှတ်ထားသည့် ဤဓမ္မဟောင်းစည်းမျဉ်းများကို သူတို့ မလိုက်နာခဲ့ကြပါ။ တမန်တော်တို့ကျင့်ကြံသည့်အတိုင်း သူတို့မကျင့်သုံးကြပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ပေါလုသည် ၎င်းတို့၏အလေ့အကျင့်များသည် ဓမ္မဟောင်းတရားတော်အား ပုံပျက်သွားစေပြီး၊ ၎င်းတို့နောက်လိုက်သူများ၏ထာဝရကြမ္မာကို အန္တရာယ်ဖြစ်စေကြောင်း ကြေငြာခဲ့သည်။ ကောလောသဲ ၂:၁၇၊ ၁၈ တွင် ရေးထားသကဲ့သို့ –

> ထိုအရာတို့သည် နောက်ဖြစ်လတံ့သောအရာတို့၏ အရိပ်ဖြစ်ကြ၏။ ကိုယ်မူကား ခရစ်တော်၏ကိုယ်ဖြစ်၏။ ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း၌၎င်း မွေ့လျော်သောသူ တစုံတယောက်မျှ သင်တို့ဆုကို မလုမယူစေနှင့် (ကောလောသဲ ၂:၁၇၊ ၁၈)။

မောရှေ၏ပညတ်တရားသည် သန့်ရှင်းသောနေ့ရက်များအား ကောင်းကင်တမန်များကို ကိုးကွယ်ခြင်းနှင့်မဆက်စပ်ဘဲ၊ ဘုရားသခင်အားဝတ်ပြုကိုးကွယ်ခြင်းနှင့် ဆက်စပ်ထားသည်။ အစားအစာကို

နှိမ့်ချမှု သို့မဟုတ် ခြိုးခြံခြင်းအယူဝါဒ၏သီးခြားနည်းလမ်းတစ်ခုအဖြစ် မထောက်ခံဘဲ၊ ဘုရားသခင်၏ အထူးလူများအဖြစ် သီးသန့်ဖြစ်ခြင်း၏လက္ခဏာတစ်ခုအဖြစ် ဖော်ပြသည်။ သို့သော် မိစ္ဆာဆရာများ သည် ဤတရားတော်များကို ရုပ်တုကိုးကွယ်မှုနှင့် သာသနာပလူတို့၏ခြိုးခြံခြင်းအယူဝါဒနှင့် ရောနှော ခြင်းဖြင့် ယိုယွင်းစေခဲ့သည်။

> ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ယုဒလူမျိုး၏ပညတ်တရားနှင့် ကိုယ်ခန္ဓာကိုငြင်းပယ်ခြင်း သို့မဟုတ် ကိုယ်ခန္ဓာ၏အချို့သောအရာများကို ဆုံးရှုံးစေသောအလေ့အထများဖြစ်သည့် ခြိုးခြံချွေတာသောကျင့်စဉ်များကို အထူးပြုသည့် ယုဒလူမျိုး၏တရားရေးဝါဒပုံစံနှင့် ခရစ်တော်ကို ယုံကြည်ခြင်း၏ ဖြည့်စွက်ချက်အဖြစ်အသုံးပြုသည့်၊ ကယ်တင်ခြင်းအတွက် ခရစ်တော်တစ်ပါး တည်းကိုသာ ယုံကြည်ခြင်းအပြင် ဤအခြားစည်းမျဉ်းများလည်း လိုအပ်သည်ဟု ရောနှောခဲ့ကြသည်။ "ဤအရာလုပ်ပါ"၊"ထိုအရာမလုပ်ပါနှင့်"ဟူသောစာရင်းနှင့် အထူးသဖြင့် ကိုယ်ခန္ဓာနှင့်သာမာန်အရာများကိုငြင်းဆိုခြင်းသည် တရားဝင် ဖြစ်ကြောင်း မိစ္ဆာဆရာများမြှင့်တင်နေသည့်ဝါဒသည် ဤလွန်ကဲစွာတရားမျှ တမှုဝါဒဖြစ်သည်။ .
>
> **Dr Jim Maples**

ကောလောသဲ ၂:၁၁-၁၂ တွင်၊ ပေါလုသည် အရေဖျားလှီးခြင်းကို မိစ္ဆာဆရာများစော်ကားသည့် ယုဒလူမျိုး၏တရားတော်များစာရင်းတွင် ထည့်သွင်းခဲ့သည်–

> ခရစ်တော်၏အရေဖျားလှီးခြင်းအားဖြင့် ဇာတိပကတိအပြစ်၏ ကိုယ်ကိုပယ်ရှင်း၍၊ လက်ဖြင့်မလုပ်သော အရေဖျားလှီးခြင်းကို ထိုသခင်၌ သင်တို့သည် ခံကြသည်ဖြစ်၍…ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏ (ကောလောသဲ ၂:၁၁-၁၂)။

ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ခရစ်ယာန်အရေဖျားလှီးခြင်းပုံစံကို ထောက်ခံအားပေး နေပုံရသည်။ ထို့ကြောင့်၊ ကောလောသဲယုံကြည်သူများသည် နှစ်ခြင်းခံပြီးဖြစ်သောကြောင့် အရေဖျား လှီးရန်မလိုအပ်ကြောင်း သွန်သင်ရန်အတွက် ပေါလုသည်အရေဖျားလှီးခြင်းနှင့် ခရစ်ယာန်ဗတ္တိဇံကို ဆက်စပ်ပေးခဲ့သည်။

အတိုချုပ်အားဖြင့်၊ ကောလောသဲဩဝါဒစာ၌ ပေါလုသည် မောရှေ၏ပညတ်တရားအပေါ် အလွဲသုံးစားလုပ်ခြင်းကို ဆန့်ကျင်ကြောင်း ရေးသားခဲ့သည်။ သူကိုယ်တိုင် ပညတ်တရားကိုဆန့်ကျင်၍ မရေးပါ။ မောရှေ၏ပညတ်တရားသည် ခရစ်ယာန်ကျင့်ဝတ်နှင့် အကျင့်စာရိတ္တအတွက် သင့်လျော်သော အခြေခံဖြစ်ကြောင်းနှင့် ၎င်းသည် ကျွန်ုပ်တို့အား ဘုရားသခင်နှင့်ပတ်သက်သည့် စစ်မှန်သောအရာများ စွာကို သွန်သင်ပေးကြောင်း နေရာများစွာတွင်ပေါလု အတည်ပြုခဲ့သည်။ သို့သော် ဤကောလောသဲဩဝါ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဒစာ၌၊ သူသည် မိစ္ဆာဆရာများ၏သွန်သင်ချက်များနှင့် ကျင့်ထုံးများကိုအဓိကငြင်းခုံကာ၊ ပညတ်တရားရှိ အချို့တရားများကိုယုံယွင်းစေသည့် သူတို့၏နည်းလမ်းများကို ရှုတ်ချခဲ့သည်။ ဤယုံယွင်းမှုများကို အသင်းတော်မှစွန့်ပယ်ရန် ပေါလုသည်အခိုင်အမာပြောဆိုခဲ့သည်။

ယုဒလူမျိုး၏တရားတော်အပေါ်အခြေခံ၍ ဂရိအတွေးအခေါ်နှင့် ယုံယွင်းသောအလေ့အကျင့်များ ကို ကျင့်သုံးခြင်းအပြင်၊ မိစ္ဆာဆရာများသည် နာမ်ဝိညာဉ်များကိုဝတ်ပြုကိုးကွယ်ခြင်းကို မြှင့်တင်ကာ ခရစ်ယာန်များအားဤတန်ခိုးများကိုကြည်ညိုစေရန် အားပေးခြင်းဖြင့် ကောလောသဲမြို့တွင် ပြဿနာ များဖြစ်ပေါ်စေခဲ့သည်။

## နာမ်ဝိညာဉ်များ

ကောလောသဲအသင်းတော်သည် နာမ်ဝိညာဉ်များကို အနည်းဆုံးနည်းလမ်းသုံးခုဖြင့် ဝတ်ပြုကိုး ကွယ်နေသည့် အထောက်အထားများကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ရှေးဦးစွာ၊ ပေါလုသည် ကောင်းကင် တမန်များကို ကိုးကွယ်ခြင်းအကြောင်း ရေးသားခဲ့သည်။ ဒုတိယ၊ အထွဋ်အမြတ်များနှင့် အာဏာစက် များအကြောင်းကို ဖော်ပြခဲ့သည်။ တတိယ၊ ဤလောက၏အခြေခံလောကီတရားများနှင့်ပတ်သက် သည့် ပြဿနာများကို သူဖြေရှင်းခဲ့သည်။ ကောင်းကင်တမန်အားကိုးကွယ်ခြင်းအကြောင်း သူ၏ဖော်ပြ ချက်ကို ကြည့်ရှုခြင်းဖြင့် စတင်သင့်သည်။

**ကောင်းကင်တမန်များ** သမ္မာကျမ်းစာအရ၊ ကောင်းကင်တမန်များသည် ဘုရားသခင်၏အစေခံ များဖြစ်ပြီး၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအစီအစဉ်တွင် အရေးကြီးသောအခန်းကဏ္ဍမှ အမြဲပါဝင်ခဲ့ကြ သည်။ ဘုရားသခင်သည် ဝိညာဉ်ရေးစစ်ပွဲမှ၊ တိုင်းနိုင်ငံရေးများကိုလွှမ်းမိုးခြင်း၊ ကိုယ်တော်၏လူများထံ သတင်းစကားများပေးပို့ခြင်း၊ ယုံကြည်သူများ၏လောကဆိုင်ရာလိုအပ်ချက်များကို ပြုစုစောင့်ရှောက် ခြင်းအထိ သူတို့အားအလုပ်များစွာကို ဘုရားသခင်လွှဲအပ်ထားသည်။ ကနဦးအသင်းတော်သည် ဤ အခန်းကဏ္ဍများကို ကောင်းစွာသိရှိခဲ့သည်။ ဟေဗြဲ ၁:၁၄ တွင် ဖတ်ရသည်မှာ_

> ကောင်းကင်တမန်များတို့ကား၊ ကယ်တင်တော်မူခြင်းကျေးဇူးကို
> အမွေခံလတံ့သောသူတို့ကို ပြုစုစေခြင်းငှါ၊ စေလွှတ်တော်မူသော
> အစေခံနံဝိညာဉ် ဖြစ်ကြသည် မဟုတ်လော (ဟေဗြဲ ၁:၁၄)။

ကောင်းကင်တမန်များသည် အမှန်တကယ်ပင် “အစေခံနာမ်ဝိညာဉ်များ” ဖြစ်ကြပြီး သူတို့၏ အလုပ်ကို အသိအမှတ်ပြုရန်အရေးကြီးသည်။ သို့သော် ကောလောသဲမြို့ရှိ မိစ္ဆာဆရာများ၏အဆိုအရ ကောင်းကင်တမန်များသည် ဓမ္မအမှုတော်ဆောင်များထက် များစွာသာလွန်သည်။ ၎င်းတို့သည် ၎င်းတို့၏ ရိုးရာဓလေ့ထုံးတမ်းများကို ဝတ်ပြုကိုးကွယ်မည့်သူများကို လျှို့ဝှက်ဆန်းကြယ်သော သွန်သင်ချက်များ ကို ထုတ်ဖော်ပြသသည့် အာကာသအင်အားစုများ၊ ဗျာဒိတ်တော်များဖြစ်သည်ဟု ဆိုကြသည်။ ပေါလု သည် ဤအလေ့အကျင့်များကို ကောလောသဲ ၂:၁၈ တွင် တိုက်ရိုက်ရှုတ်ချခဲ့ပြီး၊ ဤသို့ရေးခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဦးခေါင်းတော်ကိုအမှီမပြု၊ ဇာတိပကတိ၏စိတ်နှလုံးအချည်းနှီး ထောင်လွှားလျက်၊ မိမိမသိမမြင် သောအရာကိုစူးစမ်းလျက်၊ စိတ်နှိမ့်ချခြင်း၌၎င်း၊ ကောင်းကင်တမန်ကို ကိုးကွယ်ခြင်း၌၎င်း မွေ့လျော်သောသူတစုံတယောက်မျှ သင်တို့ဆုကို မလုမယူစေနှင့် (ကောလောသဲ ၂:၁၈)။

မိစ္ဆာဆရာများသည် ကောင်းကင်တမန်များထံမှ ရူပါရုံများကို လက်ခံရရှိသည်ဟု အခိုင်အမာဆိုကြပြီး၊ ၎င်းအချက်ကြောင့် ခရစ်ယာန်များသည်လည်း အလားတူရူပါရုံများကိုရရှိရန် သင့်လျော်သော ထုံးတမ်းများကို လိုက်နာဆောင်ရွက်သင့်သည်ဟု ဆိုသည်။ ဤမိစ္ဆာဆရာများသည် ရူပါရုံများအမှန်တကယ်ရခဲ့ကြသည်ကို ကျွန်ုပ်တို့သေချာမသိနိုင်သော်လည်း၊ ၎င်းသည် ဘုရားသခင်၏သန့်ရှင်းသော ကောင်းကင်တမန်များမှ မဟုတ်ဘဲ နတ်ဆိုးများမှ ဖြစ်နိုင်ချေရှိသည်။ တစ်ချိန်တည်းမှာပင်၊ သူတို့သည် မိမိကိုယ်ကိုတွန်းအားပေးခြင်း သို့မဟုတ် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်လာသော စိတ်လှုပ်ရှားမှုများပင်ဖြစ်ပေမည်။ သို့မဟုတ် သူတို့သည်လိမ်ညာနေခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ၊ ကောင်းကင်တမန်များ၏တန်ခိုးနှင့် ဩဇာလွှမ်းမိုးမှုဆိုင်ရာ ဤချဲ့ကားသောအမြင်သည် ရှေးခေတ်ကာလတွင်အထူးအဆန်း မဟုတ်ပေ။ ယုဒလူမျိုးဆရာအချို့သည် ကောင်းကင်တမန်များနှင့်ပတ်သက်သော အလားတူအယူအဆများကို ထိန်းသိမ်းထားကြောင်း ပင်လယ်သေကျမ်းလိပ်များ၌ ကျွန်ုပ်တို့သိနိုင်သည်။ အချို့သော ဂရိအတွေးအခေါ်များသည် ၎င်းတို့၏ဗျာဒိတ်တော်များနှင့် နက္ခတ်ဗေဒင်တန်ခိုးများအကြောင်း အလားတူအရာများကို သင်ကြားပေးသည်။ ဝမ်းနည်းစရာမှာ၊ ကောလောသဲခရစ်ယာန်များ၏ဤအယူအဆအပေါ် ရင်းနှီးမှုသည် မှားယွင်းသောသွန်သင်ချက်များအား ကျိုးကြောင်းဆီလျော်ရှိစေပြီး၊ အသင်းတော်တွင် ခြေကုပ်ယူနိုင်စေခဲ့သည်။

> ကောလောသဲယုံကြည်သူများသည် ကောင်းကင်တမန်များနှင့် နာမ်ဝိညာဉ်များ အကြောင်း ကြားသောအခါ၊ ၎င်းတို့အတွက် အလွန်သဘာဝကျပုံရသည်... အကြောင်းမှာ ၎င်းတို့၏ဂရိယုံကြည်မှုစနစ်၊ သူတို့၏နတ်ဘုရားများကို ကိုးကွယ်မှုနှင့် အလွန်ဆင်တူသောကြောင့်ဖြစ်သည်။ ထိုအရာသည် ၎င်းတို့၏ ယဉ်ကျေးမှုတွင် နက်ရှိုင်းစွာအမြစ်တွယ်နေပါသည်။ ထို့ကြောင့်၊ သင်၏ ကြီးပြင်းလာပုံ၊ ကြီးပြင်းလာသောအရာနှင့်တူညီသည့်အရာကို တစ်စုံတစ်ဦး သည်သင့်အား ပြောသောအခါ၊ သင်၌ ဆက်နွယ်၊ ဆက်စပ်မှုတစ်ခုရှိမည်ဖြစ်သည်။ သို့သော်အန္တရာယ်မှာ၊ သင်နှင့်ရင်းနှီးသည့်အရာတစ်ခုကို သင်နှင့် ဆက်သွယ်ရန်ကျွန်ုပ်အသုံးပြုပါက၊ ၎င်းသည်သမ္မာတရားအပေါ် မတည်ဆောက်ထားသောကြောင့် လွဲမှားစွာအသုံးပြုနိုင်သည်။ ထို့ကြောင့် ခပ်သိမ်းသောအရာတို့သည် ခရစ်တော်အားဖြင့် ဖန်ဆင်းသည်ဖြစ်၍၊ ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်၌ဆက်စပ်၍ တည်ဆောက်ခြင်းကိုခံရ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကြောင်း၊ ပေါလုသည် ဝိညာဉ်ရေးဆိုင်ရာအုပ်စိုးမှုနှင့် တန်ခိုးအာဏာစက်ရှိသမျှတို့ထက် ခရစ်တော်ကိုထင်ရှားစွာ ချီးမြှောက်ခဲ့သည်။
>
> **— Pastor Johnson Oni**

ကောင်းကင်တမန်များကို ကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ပေါလု၏တိုက်ရိုက်ရည်ညွှန်းချက်များကို ကြည့်ရှုပြီးနောက်၊ အထွဋ်အမြတ်များနှင့် အာဏာစက်များအကြောင်း သူ၏ဖော်ပြမှုကို ယခုကျွန်ုပ်တို့ လေ့လာသင့်သည်။

**အထွဋ်အမြတ်များနှင့် အာဏာစက်များ။** ပထမရာစု၏ဘာသာစကားတွင် "အထွဋ်အမြတ်များ" နှင့် "အာဏာစက်များ"ဟူသောအသုံးအနှုန်းများသည် ကောင်းကင်တမန်များ သို့မဟုတ် နတ်ဆိုးများကဲ့သို့သော နာမ်ဝိညာဉ်များကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ယုံကြည်သူများအား ကောင်းကင်တမန်များနှင့် အခြားနာမ်ဝိညာဉ်များကို ကိုးကွယ်ရန် တိုက်တွန်းအားပေးခဲ့သည်။ သို့သော် ပေါလုသည် ကောင်းကင်နှင့် မြေကြီးပေါ် ရှိတန်ခိုးနှင့် အခွင့်အာဏာစက်တိုင်းအပေါ် ခရစ်တော်၏သာလွန်မြင့်မြတ်မှုကို အလေးပေးခြင်းဖြင့် ဤမှားယွင်းသောအယူဝါဒကို တုံ့ပြန်ခဲ့သည်။ ကောလောသဲ ၁:၁၆ တွင် ယေရှု၏သာလွန်မြင့်မြတ်မှုကို သူရေးသားခဲ့သည်_

> အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊—ထိုသခင်အဘို့အလို့ငှါဧင်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏ (ကောလောသဲ ၁:၁၆)။

ဤနေရာတွင် ပေါလုသည် ရာဇပလ္လင်များ၊ အစိုးရခြင်းတန်ခိုးများ၊ အထွဋ်အမြတ်များနှင့် အာဏာစက်များကို ဖော်ပြခဲ့သည်။ "ရာဇပလ္လင်များ" နှင့် "အစိုးရခြင်းတန်ခိုး"သည် ဂရိစကားလုံး *thronos* (*θρόνος*) နှင့် *kuriotēs* (*κυριότης*)ကို ဘာသာပြန်ဆိုထားသည်။ စကားလုံးနှစ်ခုလုံးသည် လူသားရှင်ဘုရင်များနှင့် အခြားလောကဆိုင်ရာအုပ်စိုးရှင်များကို ရည်ညွှန်းလေ့ရှိသော်လည်း၊ ၎င်းတို့သည်နာမ်ဝိညာဉ်များကိုလည်း ရည်ညွှန်းနိုင်သည်။ "အထွဋ်အမြတ်များ"နှင့်"အာဏာစက်" တို့သည် ဂရိစကားလုံးများဖြစ်သော *archē* (*ἀρχή*) နှင့် *exousia* (*ἐξουσία*) ကိုဘာသာပြန်ဆိုထားပြီး၊ ကောင်းကင်တမန်များနှင့် နတ်ဆိုးများကဲ့သို့ မမြင်နိုင်သောဝိညာဉ်စွမ်းအားများကို ရည်ညွှန်းလေ့ရှိသည့် စကားလုံးများဖြစ်သည်။

ကောလောသဲမြို့ရှိမိစ္ဆာဆရာများ၏အမြင်တွင်၊ ကောင်းကင်တမန်နှင့် နတ်ဆိုး၏ဝိညာဉ်ရေးဆိုင်ရာ အာဏာစက်များသည် ၎င်းတို့၏လောကဆိုင်ရာလူသားများထက် သိသိသာသာကြီးမြတ်သည်။ မိစ္ဆာဆရာများသည် ကောင်းကင်တမန်များနှင့် နတ်ဆိုးများ၏တန်ခိုးကို အလွန်ချဲ့ကားပြောဆိုကြပြီး၊ အမှန်တကယ်တွင် ခရစ်တော်တစ်ပါးတည်းသာ ပိုင်ဆိုင်သောစွမ်းရည်များကို ဤမမြင်နိုင်သော အထွဋ်အမြတ်များ၏လုပ်ဆောင်ချက်များနှင့် အစွမ်းအစများဖြစ်သည်ဟု ယူဆကြသည်။ ပေါလုသည် အရာ

ခပ်သိမ်းကို ဖန်ဆင်းတော်မူသော အရှင်သခင်အဖြစ် ခရစ်တော်ကို ချီးမွမ်းခြင်းဖြင့် သူတို့၏အမှားကို ထောက်ပြခဲ့သည်။ ဝိညာဉ်ရေးရာနှင့် လောကဆိုင်ရာအာဏာစက်များကို ပိုင်းခြားခြင်းထက်၊ ပေါလုသည် ၎င်းတို့အား တစ်သားတည်းအဖြစ် သဘောထားကာ၊ ဝိညာဉ်ရေးနှင့် လောကဆိုင်ရာသည် ကွဲပြားခြားနားခြင်းထက် အဆပေါင်းများစွာ တူညီကြောင်း ဖော်ပြခဲ့သည်။ ၎င်းနှစ်ခုလုံးသည် ဖန်ဆင်းခြင်းခံရကာ၊ နှစ်ခုစလုံးသည် ခရစ်တော်ထက် နိမ့်ကျသည်။ စစ်မှန်သောခြားနားချက်သည် မိစ္ဆာဆရာများ အခိုင်အမာပြောဆိုသည့်အတိုင်း၊ လောကီဝိညာဉ်ရေးရာနှင့် မသက်ဆိုင်ဘဲ၊ ခရစ်တော်နှင့်သာ သက်ဆိုင်ပါသည်။ တဖန် ကောလောသဲ ၁:၁၆ ၌ မိန့်တော်မူသည့်အတိုင်း_

> ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့ အလို့ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့ သည် ဖန်ဆင်းလျက်ဖြစ်ကြ၏ (ကောလောသဲ ၁:၁၆)။

ခရစ်တော်ကိုကိုးကွယ်ခြင်းသည် ဝိညာဉ်ရေးဆိုင်ရာ အာဏာစက်များကို ကိုးကွယ်ခြင်းနှင့် သဟဇာတဖြစ်သည်ဟု မိစ္ဆာဆရာများက ယူဆကြသည်။ သို့သော် မိစ္ဆာဆရာများသည် မိမိတို့ကိုးကွယ်သောနာမ်ဝိညာဉ်များအား မည်သို့ပင်မြင်နေစေကာမူ၊ အမှန်တရားမှာ ဝိညာဉ်ဆိုးများ သို့မဟုတ် နတ်ဆိုးများသာ မိမိတို့ကိုယ်ကို ကိုးကွယ်ခွင့်ပြုကြောင်း ပေါလုဖော်ပြခဲ့သည်။ ဘုရားသခင်၏သန့်ရှင်းသောကောင်းကင်တမန်များသည် ထိုသို့သောကိုးကွယ်ခြင်းတွင်မပါဝင်ပါ။ ခရစ်တော်သည် မိမိ၏ရန်သူများကို ကိုးကွယ်ခြင်းအား ခွင့်မပြုပါ။ ပေါလုသည် ဤအချက်ကို ကောလောသဲ ၂:၁၅ တွင် ဤသို့ရေးထားသည်_

> အထွဋ်အမြတ်၊ အာဏာစက်များကို လုယူလျှင်၊ ထင်ရှားစွာ ထုတ်ပြ၍ လက်ဝါးကပ်တိုင်တော်အားဖြင့်အောင်ပွဲကို ခံတော်မူပြီ (ကောလောသဲ ၂:၁၅)။

ယေရှုခရစ်၏လက်ဝါးကပ်တိုင်အားဖြင့်၊ ဘုရားသခင်သည် ဝိညာဉ်ရေးဆိုင်ရာတန်ခိုးနှင့် အာဏာစက်များကို အောင်ပွဲခံခဲ့သည်။

> ဤကမ္ဘာကြီးတွင်ပဋိပက္ခများ၊ အကောင်းနှင့်အဆိုးကြား တိုက်ပွဲများရှိနေသည်ကို ကျွန်ုပ်တို့အားလုံး အသိမှတ်ပြုပါသည်...ကျွန်ုပ်တို့၏အသက်တာသည် အမှန်တကယ်တွင်၊ ဘုရားသခင်နှင့် ဘုရားသခင်အားဆန့်ကျင်ဘက်ပြုသူတို့၏ကြား အာကာသတိုက်ပွဲတွင် ရှင်သန်နေပါသည်။ တန်ခိုးများနှင့်အထွဋ်အမြတ်များ၊ အာဏာစက်များ၊ မကောင်းမှု၏စွမ်းအားများ၊ ဤလောက၌ရှိသော အမှောင်ထု၏စွမ်းအားများ...ထိုအယူအဆသည် ဓမ္မဟောင်းတစ်လျှောက်တွင်သာမက၊ သခင်ယေရှု လောကသို့ကြွလာသောအခါ ဓမ္မသစ်တွင် အမှန်တကယ် ပြည့်စုံလာပါသည်။ ယေရှုသည် ယုဒပြည်ကို သိမ်းပိုက်နေသော ရောမများနှင့် စစ်မတိုက်ဘဲ၊ ကျွန်ုပ်တို့၏ရန်သူအစစ်အမှန်ဖြစ်သည့်—စာတန်နှင့်အပြစ်၊ အပြစ်၏တန်ခိုးနှင့် ၎င်း၏ နောက်ဆုံးအကျိုးဆက်ဖြစ်သော သေခြင်းတရားကို



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အံ့သြဖွယ်နည်းဖြင့်အနိုင်ယူတိုက်ခိုက်နေသောကြောင့်၊ ပြီးပြည့်စုံသောစစ်သည် ဖြစ်သည်။ ထို့ကြောင့်၊ ၁ ကောရိန္သု ၁၅ နှင့် ကောလောသဲသြဝါဒစာ၌ ပေါလု ဖော်ပြသကဲ့သို့၊ သခင်ယေရှုသည် အပြစ်နှင့်သေခြင်းတရား၏တန်ခိုးအားလုံးကို အောင်မြင်ပြီး၊ သူ၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းမှတစ်ဆင့် အာကာသတိုက်ပွဲတွင်စာတန်ကို အောင်နိုင်ကြောင်းဓမ္မသစ်ကျမ်းတွင် ဖော်ပြထားသည်ကို တွေ့မြင်ရသည်။

**— Rev. Bill Burns**

ဝိညာဉ်ရေးစွမ်းအားများနှင့် အာဏာစက်များသည် ဝိညာဉ်ရေးစစ်ပွဲတွင် ဘုရားသခင်ကို ဆန့်ကျင်ကြသည်။ သူတို့သည် ပုန်ကန်သူ၊ ဝိညာဉ်ဆိုးများ၊ ဘုရားသခင်၏ရန်သူများဖြစ်ကြသည်။ သူတို့သည် သန့်ရှင်းသောကောင်းကင်တမန်များမဟုတ်ဘဲ နတ်ဆိုးများဖြစ်ကြသည်။ သို့သော်၊ ဘုရားသခင်သည် ယေရှုခရစ်အားဖြင့်၊ ဤနတ်ဆိုးများ၏တိုက်ခိုက်နိုင်စွမ်းကိုဖယ်ရှားခဲ့ပြီး ရှုံးနိမ့်စေခြင်းဖြင့် သူတို့ကို အရှက်ရစေခဲ့သည်။ ကျရှုံးသွားသော၊ စွမ်းအားမဲ့၊ ရှုံးနိမ့်ခဲ့သော နတ်ဆိုးများသည် ကောလောသဲမြို့ရှိ မိစ္ဆာဆရာများ ကိုးကွယ်သည့် ဝိညာဉ်စွမ်းအားများဖြစ်ကာ၊ "အထွဋ်အမြတ်များနှင့် အာဏာစက်များ"ဟု ပေါလုရည်ညွှန်းသောသူများဖြစ်သည်။

ပေါလု၏ကောင်းကင်တမန်များ၊ ဝိညာဉ်ရေးဆိုင်ရာ အထွဋ်အမြတ်များနှင့် အာဏာစက်များကို လေ့လာပြီးနောက်၊ ဤလောက၏အခြေခံလောကီတရားများအကြောင်းပေါလုမည်သို့ပြောဆိုသည်ကို ယခုကျွန်ုပ်တို့မြင်တွေ့နိုင်သည့်အနေအထားတွင် ရှိနေပြီဖြစ်သည်။ အစောပိုင်းတွင် ကျွန်ုပ်တို့ပြောခဲ့သည့်အတိုင်း၊ ဤသည်မှာ နာမ်ဝိညာဉ်များကို ရည်ညွှန်းသော နောက်ထပ်စကားစုတစ်ခုဖြစ်သည်။

**အခြေခံလောကီတရားများ။** ပထမရာစုတွင်၊ "အခြေခံလောကီတရားများ"ဟုပြန်ဆိုနိုင်သည့် ဂရိဝေါဟာရ *stoicheia* (*στοιχεῖα*) သည် ကြယ်များ၊ ဂြိုလ်များနှင့်ဆက်နွယ်နေသော နတ်ဘုရားများနှင့် ဝိညာဉ်ရေးစွမ်းအားများကိုရည်ညွှန်းလေ့ရှိသည်။ *Stoicheia* သည်မြေကြီး၊ လေ၊ မီး နှင့် ရေဟူသော အခြေခံရုပ်ဒြပ်ဝတ္ထုလေးပါးကို ရည်ညွှန်းရန်လည်း အသုံးပြုသည်။ ဤအခြေခံလောကီတရားများ သို့မဟုတ် စွမ်းအားများသည် အမျိုးသားများနှင့် အမျိုးသမီးများ၏ကြမ္မာကိုပင် လွှမ်းမိုးနိုင်သည်ဟု ယူဆခဲ့ကြသည်။ ရှင်ပေါလုသည် ဂလာတိ ၄:၈-၉ တွင် *stoicheia* ကိုဤသို့ ရှင်းလင်းစွာ အသုံးပြုခဲ့သည်_

> သို့သော်လည်း အထက်က သင်တို့သည် ဘုရားသခင်ကို မသိသောအခါ၊ ဇာတိအားဖြင့် ဘုရားမဟုတ် သော သူတို့၏အမှုကိုဆောင်ရွက်ကြ၏။...အားမရှိ၊ ချမ်းသာမပေးနိုင်သော တရားနုဘက်သို့ အဘယ်ကြောင့် တဖန်ပြောင်းလဲကြသနည်း။ ထိုလောကီတရား၌ တဖန်ကျွံခံခြင်းငှါ အလိုရှိကြပြီတကား (ဂလာတိ ၄:၈-၉)။

ဤတွင်၊ "လောကီတရားများ" ဟူသောစကားလုံးသည် ဂရိစကားလုံး *stoicheia* ကိုဘာသာပြန်ထားပြီး၊ "သဘာဝအားဖြင့် ဘုရားမဟုတ်သောသူတို့" ကိုရည်ညွှန်းသည်။ ဆိုလိုသည်မှာ သာသနာပလူတို့၏ဘုရားများအဖြစ် ဟန်ဆောင်ထားသောနတ်ဆိုးများကို ရည်ညွှန်းခြင်းဖြစ်သည်။ *Stoicheia* ၏ တူညီသောအဓိပ္ပာယ်မှာ ကောလောသဲ ၂:၈ တွင် ပေါလုရည်ရွယ်ထားသည့်အချက်ဖြစ်ပြီး၊ ဤအခြေခံလောကီတရားများကို သူရှုတ်ချခဲ့သည်–

> ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့ (ကောလောသဲ ၂:၈)။

ပေါလုသည် မိစ္ဆာဆရာများ၏အခြေခံအတွေးအခေါ်အဖြစ် "လောကီတရားများ" သို့မဟုတ် *stoicheia* ကို ထောက်ပြခဲ့သည်။ တစ်နည်းဆိုရသော်၊ သူတို့သည် မိစ္ဆာဘုရားများကို အသနားခံသောကြောင့်၊ မိစ္ဆာဆရာများ၏ဘာသာရေးထုံးတမ်းစဉ်လာများကို ငြင်းပယ်သင့်သည်ဟု ဆိုနေခြင်းဖြစ်သည်။ ဓမ္မဟောင်းနှင့် ဓမ္မသစ်ကြားကာလ၌ အထူးသဖြင့် ပါလက်စတိုင်းပြင်ပ ပထမရာစုအတွင်း၊ ဂျူးဘာသာ၏အကိုင်းအခက်အချို့ကအခြေခံလောကီတရားများနှင့် ဝိညာဉ်စွမ်းအားများဆိုင်ရာ အလားတူအယူအဆများကို ချုပ်ကိုင်ထားသည်။ ဤမှားယွင်းသောယုဒလူမျိုး၏ယုံကြည်ချက်များသည် ပေါလုခေတ်တွင် ကောလောသဲမြို့၌ပေါ်ပေါက်ခဲ့သော မှားယွင်းသောအယူဝါဒအတွက် အချိန်ကာလကို သတ်မှတ်ပေးသည်။ အတိုချုပ်အားဖြင့်ပြောရလျှင်၊ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ယုဒလူမျိုး၏တရားရေးဝါဒ၊ သာသနာပလူတို့၏ဘာသာတရားနှင့် ခရစ်ယာန်ဘာသာတို့ကိုရောနှောပြီး၊ "အခြေခံလောကီတရားများ"သို့မဟုတ် *stoicheia* ဟုခေါ်သည့် နက္ခတ်ဗေဒင် သို့မဟုတ် အာကာသတန်ခိုးများအား ကိုးကွယ်ခြင်းကို တိုက်တွန်းအားပေးကြသည်။

**ယခု ကျွန်ုပ်တို့သည်** ကောလောသဲသြဝါဒစာ၏ကျမ်းနောက်ခံသမိုင်းကို ဆန်းစစ်ပြီးနောက်၊ ဒုတိယအကြောင်းအရာဖြစ်သည့်– ဤကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ကြည့်သင့်ပါသည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ကျွန်ုပ်တို့တွေ့မြင်ရသည့်အတိုင်း၊ ကိုလောသဲမြို့ရှိအသင်းတော်သည် ပထမရာစုတွင် စိန်ခေါ်မှုအချို့ကို ရင်ဆိုင်ခဲ့ရသည်။ အခြားအသင်းတော်များနှင့်မတူဘဲ၊ သူတို့သည် တမန်တော်များ၏လေ့ကျင့်မှုကို တစ်ခါမျှမရရှိခဲ့ဖူးပါ။ ဘုရားဝတ်ပြုသူများအားဖြင့် အသင်းတော်ကို တည်ဆောက်ထားသော်လည်း၊ တမန်တော်များ၏ဓမ္မပညာတွင် ခိုင်လုံစွာအခြေပြုထားခြင်းမရှိခဲ့ပါ။ ၎င်းကြောင့် ကောလောသဲခရစ်ယာန်များသည် အထူးသဖြင့် မှားယွင်းသောသွန်သင်ခြင်းနှင့်ပတ်သက်၍ ခံနိုင်ရည်နည်းပါးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့်၊ မိစ္ဆာဆရာများသည် ဂျူးဘာသာ၏ယိုယွင်းမှုများနှင့် သာသနာပလူတို့၏ရုပ်တုကိုးကွယ်မှုတို့ဖြင့် ၎င်းတို့ကို စတင်တိုက်ခိုက်သောအခါ၊ သမ္မာတရားနှင့် မုသာဝါဒအကြား ခြားနားချက်ကိုပြောပြရန် သူတို့အဖို့ ခက်ခဲခဲ့သည်။ အသင်းတော်ရှိအချို့က သူတို့၏ပြဿနာကို ပညာရှိစွာအသိအမှတ်ပြုပြီး၊ ပေါလုထံ မေတ္တာရပ်ခံခဲ့ကြသည်။ ပေါလုသည် ကောလောသဲယုံကြည်သူတို့ထံ ကျမ်းရေးခြင်းဖြင့် သူတို့ကိုကူညီခဲ့သည်။

ကောလောသဲဩဝါဒစာအား အဓိကအပိုင်းလေးပိုင်း ခွဲခြားနိုင်သည်_

- ၁း၁-၂ တွင် နှုတ်ဆက်ခြင်း
- ၁:၃-၁၄ တွင် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းဖြင့် အားပေးတိုက်တွန်းခြင်း
- ၁:၁၅–၄:၆ သည် ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှုကို အဓိကအာရုံစိုက်သည့် အစိတ်အပိုင်းနှင့်
- ၄:၇-၁၈ တွင် နောက်ဆုံးနှုတ်ခွန်းဆက်စကား

၁:၁-၂ ပါ အတိုချုပ်နှုတ်ဆက်ခြင်းကို ဦးစွာကြည့်ကြပါစို့။

## နှုတ်ဆက်ခြင်း (၁း၁-၂)

နှုတ်ဆက်ခြင်းသည် တမန်တော်ပေါလုအား ဤကျမ်း၏အခွင့်အာဏာဆိုင်ရာရေးသားသူအဖြစ်ခွဲခြားသတ်မှတ်ထားပြီး၊ ကျမ်းသည် ပေါလု၏တပည့်တိမောသေထံမှ လာကြောင်းလည်း ဖော်ပြထားသည်။ သို့သော် ပေါလုသည် ၄:၁၈ တွင်ကျမ်းကို လက်မှတ်ရေးထိုးခဲ့ခြင်းကြောင့်၊ သူသည် အဓိကရေးသားသူဖြစ်ကြောင်း ထင်ရှားသည်။ နှုတ်ဆက်ခြင်းတွင် တိုတောင်းသော ကောင်းချီးမင်္ဂလာပေးခြင်းလည်း ပါဝင်သည်။

## အားပေးတိုက်တွန်းခြင်း (၁း၃-၁၄)

၁:၃-၁၄ တွင်တွေ့ရသော ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် ဆုတောင်းခြင်းဖြင့် အားပေးတိုက်တွန်းခြင်းများသည် ကောလောသဲအသင်းတော်အကြောင်း ဧပဖြထံမှ ပေါလုရရှိခဲ့သောအစီရင်ခံချက်များကို အခြေပြုထားသည်။ ဧပဖြသည် ကောလောသဲမြို့၌ အသင်းတော်ကို တည်ထောင်ခဲ့သည်။ အကျဉ်းကျစဉ်အတွင်း ပေါလုနှင့်လည်း အတူရှိခဲ့သည်ကို သင်မှတ်မိပါလိမ့်မည်။ ပေါလုထံလည်ပတ်စဉ်၊ ဧပဖြသည် ကောလောသဲယုံကြည်သူများ၏ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာအကြောင်း သူ့အား အသိပေးခဲ့ပြီး၊ ၎င်းတို့နှစ်ဦးသည် ကောလောသဲအသင်းတော်အတွက် များစွာဆုတောင်းပေးခဲ့ကြသည်။ ထို့ကြောင့်၊ ပေါလုသည် သူတို့ထံ ကျမ်းရေးသောအခါ၊ သူတို့၏ယုံကြည်ခြင်းနှင့် ကယ်တင်ခြင်းအတွက် သူ့အနေဖြင့်ဘုရားသခင်ကို အဘယ်မျှ အစဉ်ကျေးဇူးတင်ကြောင်း သူတို့ကို ပြောပြခဲ့သည်။ ဘုရားသခင်သည် သူတို့ကို ကောင်းချီးမင်္ဂလာပေးတော်မူမည့်အကြောင်း သူအစဉ်ဆုတောင်းသည်ကို အသိပေးပြီး၊ အထူးသဖြင့် ဝိညာဉ်ရေးရာပိုင်းခြားသိမြင်မှုနှင့် ကောင်းသောအကျင့်ကိုကျင့်ရန် ခွန်အားပေးခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နောက်ဆုံးနှုတ်ဆက်ခြင်း (၄း၇-၁၈)

ယခု၊ ကောလောသဲသြဝါဒစာ၏အဓိကအစိတ်အပိုင်းကိုမကြည့်မီ၊ ကျမ်း၏နောက်ဆုံးအပိုင်းကို သုံးသပ်ပါမည်။ ၄:၇-၁၈ ပါနောက်ဆုံးနှုတ်ခွန်းဆက်ခြင်းအပိုင်းတွင်၊ ပေါလုသည် သူနှင့်အတူ အကျဉ်းကျနေသူများစွာထံမှ ကောလောသဲယုံကြည်သူများထံ နှုတ်ခွန်းဆက်စကားပေးပို့ခဲ့သည်။ နိဂုံးတွင် တုခိတ်နှင့် သြနေသိမ်တို့ကို စောင့်ရှောက်သော ကောလောသဲယုံကြည်သူများထံ ပေါလုသည် ဤကျမ်းကိုပေးပို့ခြင်းဖြစ်ကြောင်း ဖော်ပြသည်။ တုခိတ်သည် ဧဖက်မြို့ရှိယုံကြည်သူများထံသို့ ပေးစာကိုလည်းကောင်း၊ သြနေသိမ်သည် ဖိလေမုန်ထံသို့လည်းကောင်း ကျမ်းကိုယူဆောင်ခဲ့ကြသည်။ ကောလောသဲ၊ ဧဖက်နှင့် ဖိလေမုန် ဟူသော ကျမ်းသုံးကျမ်းလုံးကို ခန့်မှန်းခြေအားဖြင့် တစ်ချိန်တည်းတွင် ရေးသားပေးပို့ခဲ့ကြောင်း ၎င်းက ညွှန်ပြနေပါသည်။ နိဂုံးချုပ်တွင် လောဒိကိမြို့ရှိ အသင်းတော်ထံပေးပို့ခဲ့သည့် ကျမ်းတစ်စောင်ကိုလည်း ဖော်ပြထားပြီး၊ ကောလောသဲယုံကြည်သူများအနေဖြင့် ထိုကျမ်းကိုဖတ်ရန်၊ လောဒိကိမြို့သားများထံ မိမိတို့၏ကျမ်းကိုလည်း မျှဝေရန် ညွှန်ကြားထားသည်။ ပေါလုသည် ဤကျမ်းများကိုသီးခြားအခြေအနေများအတွက် သီးခြားလူများထံရေးခဲ့သော်လည်း၊ ၎င်းတို့ကို မတူညီသော ပရိသတ်များလည်း အသုံးပြုနိုင်စေရန် ရည်ရွယ်ထားကြောင်း သိနိုင်ပါသည်။

> ပေါလုသည် သူ၏ကျမ်းများကို မတူညီသောပရိသတ်များ အသုံးပြုနိုင်စေရန် ရည်ရွယ်ထားသည်ဟု ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ပထမဆုံးအနေနှင့် အကြောင်းအရာသည် အားလုံးနှင့်သက်ဆိုင်နေခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ဆိုလိုသည်မှာ၊ ကောလောသဲသြဝါဒစာတွင် ခရစ်တော်သည် ဖန်ဆင်းခြင်း၏သားဦးအဖြစ် သာလွန်မြင့်မြတ်ခြင်း၊ သေလွန်သူများတွင် သားဦးဖြစ်ခြင်း၊ ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် ထပ်တူပြုရန် သွေးဆောင်မှု သို့မဟုတ် စိတ်သဘောထား၊ လူမျိုးရေးအခြေအနေ စသည့် သီးခြားပြဿနာများရှိပါသည်။ ထို့ပြင် အိမ်ထောင်တွင် ခင်ပွန်း၊ ဇနီးနှင့် မိသားစုအားလုံး အတူတကွပေါင်းသင်းဆက်ဆံမှုစံနှုန်းကိုတွေ့ရကာ၊ ယင်းတို့သည် စကြဝဠာလုံးဆိုင်ရာကျင့်သုံးခြင်းဖြစ်ပြီး၊ ပေါလု၏ရည်ရွယ်ချက်သည် အားလုံးနှင့်သက်ဆိုင်သည့်ကိစ္စရပ်များဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့သော် ကျမ်း၏အဆုံးတွင်“ဤစာကိုသင်တို့သည် ဘတ်ပြီးမှ လောဒိကိမြို့အသင်းတော်ကို ဘတ်စေကြလော့”ဟုသူပြောသောအခါတွင် ပို၍ရှင်းလင်းခဲ့ပါသည်။ တစ်နည်းအားဖြင့်၊ ဖတ်ပြီးသည်နှင့်ဖြန့်ဝေပါဟုဆိုလိုသည်။ ထို့ကြောင့်၊ ပေါလုသည်သူ၏ရည်ရွယ်ချက်များကို ကောလောသဲသြဝါဒစာအဆုံးတွင် အတိအလင်းဖော်ပြခဲ့သည်၊ ထို့ကြောင့် ဤကျမ်းနှင့် သမ္မာကျမ်းစာပါ အခြားကျမ်းအားလုံးတို့သည် ဖြန့်ဝေလျက်ရှိသောကြောင့် ၎င်းတို့ကိုပေးစာများဟု ခေါ်ဝေါ်ကြသည်ကို ကျွန်ုပ်တို့ မအံ့သြပါ။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောလောသဲဩဝါဒစာ၏ အဓိကအစိတ်အပိုင်းသည် ၁:၁၅ တွင်စတင်ပြီး ၄:၆ အထိဖြစ်သည်။ ကောလောသဲအသင်းတော်ကိုဒုက္ခပေးသည့် အဓိကပြဿနာမှာ အသင်းတော်အတွင်းသို့ ဝင်ရောက်လာသော မှားယွင်းသောသွန်သင်ချက်များထက် ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှုအား ဆုပ်ကိုင်ထားရန် ပျက်ကွက်ခြင်းဖြစ်ပါသည်။

# ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှု (၁:၁၅–၄:၆)

ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှုနှင့်ပတ်သက်၍ ပေါလု၏ဆွေးနွေးချက်သည် အပေါ်ယံအားဖြင့် အဓိကကဏ္ဍလေးခုတွင် အကျုံးဝင်သည်_ ပထမ ခရစ်တော်ကိုယ်တော်တိုင်၏ သာလွန်မြင့်မြတ်မှု ၁:၁၅-၂၀၊ ဒုတိယ ခရစ်တော်၏အမှုတော်၏သာလွန်မြင့်မြတ်မှု ၁:၂၁–၂:၅၊ တတိယ ခရစ်တော်၌ ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှု ၂:၆-၂၃၊ စတုတ္ထ ၃:၁–၄:၆ မိစ္ဆာဆရာများ၏လမ်းစဉ်များအထက်၌ အသက်ရှင်သော ခရစ်ယာန်များ၏သာလွန်မြင့်မြတ်မှု ဖြစ်သည်။
ခရစ်တော်ကိုယ်တော်တိုင်၏သာလွန်မြင့်မြတ်မှုမှစကာ ဤကဏ္ဍတစ်ခုစီကို အတိုချုပ်၍ကြည့်ပါမည်။

## ခရစ်တော်၏သာလွန်မြင့်မြတ်မှု(၁:၁၅-၂၀)

မိစ္ဆာဆရာများသည် ကောလောသဲအသင်းတော်အား အာကာသတန်ခိုးများနှင့် ဝိညာဉ်တန်ခိုးများကိုကိုးကွယ်ရန် သွေးဆောင်ဖို့ရာ ကြိုးပမ်းခဲ့ကြသည်။ ထိုကဲ့သို့ သမရိုးကျနေထိုင်ခြင်းသည် ဝိညာဏစွမ်းအားများကိုရရှိစေပြီး၊ ဤမိစ္ဆာဘုရားများထံမှ အကျိုးကျေးဇူးအချို့ကိုရရှိနိုင်မည်ဟု ထင်မြင်ယူဆကာ ခြိုးခြံစွာအသက်ရှင်မှုပုံစံကို အားပေးကြသည်။ ထို့ကြောင့်၊ ပေါလုသည် လှည့်စားတတ်သည့် သနားစရာမိစ္ဆာဘုရားများအား ယေရှုခရစ်နှင့် နှိုင်းယှဉ်ခြင်းအားဖြင့် ဤမှားယွင်းသောသွန်သင်ချက်များကို စတင်ချေပခဲ့သည်။ ခရစ်တော်သည် ဖန်ဆင်းခံအားလုံး၏ရှင်ဘုရင်ဖြစ်ပြီး၊ စုံလင်မှုနှင့် အခွင့်အာဏာအားလုံးကို ပိုင်ဆိုင်ကြောင်း ပေါလုသည်အခိုင်အမာပြောဆိုခဲ့သည်။ ထို့ထက်မက၊ လောက၏အခြေခံလောကီတရားများသည် ကယ်တင်ခြင်း၏ကောင်းချီးမင်္ဂလာများကို ပေးဆောင်နိုင်ခြင်းမရှိသည့်အပြင်၊ ရိုသေထိုက်ခြင်းမရှိကြောင်းကိုလည်း ပေါလုသွန်သင်ခဲ့သည်။

ကောလောသဲ ၁:၁၅-၂၀ တွင် ပေါလုသည် ခရစ်တော်၏သာလွန်မြင့်မြတ်မှု၏ အရေးပါသော အသွင်အပြင် အနည်းဆုံးခြောက်ခုကို ဖော်ပြခဲ့သည်။ ဤအသေးစိတ်အချက်အများစုသည် ကောလောသဲမြို့ရှိ မှားယွင်းသောသွန်သင်ချက်များနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်သည်။ ဤအသေးစိတ်အချက်များထဲတွင် ပေါလုသည်ခရစ်အား အပိုဒ်ငယ် ၁၅ တွင်ဘုရားသခင်၏ပုံသဏ္ဍာန်တော်၊ ဖန်ဆင်းခြင်းအားလုံး၏သားဦး၊ အခန်းငယ် ၁၆ တွင်ဖန်ဆင်းခြင်း၏ကိုယ်စားလှယ်၊ အခန်းငယ် ၁၈ တွင်အမြင့်မြတ်ဆုံးသောသခင်၊ အခန်းငယ် ၁၉ တွင်လူ့ဇာတိခံယူသောဘုရားသခင်၊ အပိုဒ်ငယ် ၂၀ တွင် ဘုရားသခင်နှင့် လူသားတို့အကြား တစ်ဦးတည်းသော ပြန်လည်သင့်မြတ်စေသူအဖြစ် ဖော်ပြထားသည်။ ခရစ်တော်နှင့်သက်ဆိုင်၍ ဤဖော်ပြချက်တစ်ခုစီကို အတိုချုပ်၍ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဘုရားသခင်၏ပုံသဏ္ဍာန်တော် (၁:၁၅)။** ပထမ၊ ခရစ်တော်သည် မမြင်နိုင်သောဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်သည်ဟု ဆိုခြင်းဖြင့် စတင်ခဲ့သည်။ ဤဖော်ပြချက်သည် ခရစ်တော်အား မိစ္ဆာဆရာများချီးမြှောက်သော ဝိညာဏစွမ်းအားများနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်စေသည်။ ကောလောသဲ ၁:၁၅၊ ၁၆ တွင်ယေရှုကို ပေါလုမည်သို့ဖော်ပြခဲ့သည်ကို နားထောင်ပါ_

> ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။...ထိုသခင်အားဖြင့်၎င်း၊ ထိုသခင်အဘို့အလို့ငှါ၎င်း၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏ (ကောလောသဲ ၁:၁၅၊ ၁၆)။

သမ္မာကျမ်းစာသည် လူသားအားလုံးကို ဘုရားသခင်၏ပုံသဏ္ဍာန်အဖြစ် ကြိမ်ဖန်များစွာပြောဆိုသော်လည်း၊ ဤနေရာတွင် ပေါလုသည် ယေရှု၏ထူးခြားသောအရာတစ်ခု—ဖန်ဆင်းခြင်းဆိုင်ရာ ယေရှု၏တန်ခိုး၊ အခွင့်အာဏာနှင့် ဆက်နွယ်နေမှုကို သတိရခဲ့သည်။ ပေါလုသည် "ဘုရားသခင်၏ပုံသဏ္ဍာန်တော်" ဟူသောအသုံးအနှုန်းကို အသုံးပြုသောအခါ၊ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများအနေဖြင့် ဂရိအတွေးအခေါ်မှထုတ်ယူအသုံးပြုသည့်အသုံးအနှုန်းကို သူသတိရသည်။

ပေါလုခေတ်၏ ဂရိအတွေးအခေါ်အချို့တွင်၊ စကြဝဠာကိုယ်တိုင်က ဘုရားသခင်၏ပုံသဏ္ဍာန်ဖြစ်သည်ဟု ယူဆကြသည်။ ဆိုလိုသည်မှာ စကြာဝဠာသည် ဘုရားသခင်၏အကြီးကျယ်ဆုံးသော ဖွင့်လှစ်ဖော်ပြမှုဖြစ်ပြီး၊ လူသည် ၎င်းဖွင့်လှစ်ဖော်ပြခြင်းမှတစ်ဆင့် အသိပညာနှင့် ဉာဏ်ပညာကို ရယူနိုင်သည်ဟူသည့် အယူအဆဖြစ်သည်။ ဤအယူအဆနှင့်ပတ်သက်သည့် ကိုးကားချက်များကို၊ ဘီစီလေးရာစု ပလေတို၏ *Timaeus* ကဲ့သို့သော ရှေးခေတ်ကျမ်းများတွင် တွေ့ရှိရပါသည်။ ထို့ပြင် အေဒီ ဒုတိယနှင့် တတိယရာစုအတွင်း နတ်ဘုရား Thrice Great Hermes အကြောင်းရေးသားသည့် Gnostic ကျမ်းများတွင်လည်း တွေ့ရသည်။ ထို့ကြောင့်၊ မိစ္ဆာဆရာများသည် ဂြိုဟ်များနှင့် စွမ်းအားများကို ဘုရားသခင်၏ပုံသဏ္ဍာန်တော် သို့မဟုတ် ဖွင့်လှစ်ဖော်ပြခြင်းအဖြစ် ရှုမြင်သော်လည်း၊ ပေါလုသည် *ခရစ်တော်*ကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်အဖြစ် ညွှန်ပြခဲ့သည်။ ခရစ်တော်သည် မိစ္ဆာဆရာများကိုးကွယ်သော နတ်ဆိုးမဟုတ်ဘဲ၊ ဘုရားသခင်၏အဆုံးစွန်သောဖွင့်လှစ်ဖော်ပြခြင်းဖြစ်ကြောင်း ပြသရန်အတွက်၊ ဤဂရိအတွေးအခေါ်အသုံးအနှုန်းဖြစ်သော "ဘုရားသခင်၏ပုံသဏ္ဍာန်တော်"ကိုသူအသုံးပြုခဲ့သည်။ ခရစ်တော်သည် ယုံကြည်သူများရှာဖွေသင့်သော ဘုရားသခင်၏ဉာဏ်ပညာနှင့် အသိပညာဖြစ်သည်။

**ဖန်ဆင်းခြင်းအားလုံး၏သားဦး(၁:၁၅)။** ဒုတိယ၊ ပေါလုသည် ခရစ်တော်အား ဖန်ဆင်းခြင်းအားလုံး၏သားဦးအဖြစ် ဖော်ပြခဲ့သည်။ ပေါလုသည် ယခင်ကကဲ့သို့ပင်၊ မိစ္ဆာဆရာများကိုချေပရန် သူ၏စကားကို ဂရုတစိုက်ရွေးချယ်ခဲ့သည်။ ကောလောသဲ ၁:၁၅၊ ၁၆ တွင် ခရစ်တော်အကြောင်း သူရေးထားသည်ကို တဖန်နားထောင်ပါ_

> ထိုသားတော်သည် မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ဖြစ်၏။ ဝေနေယျသတ္တဝါအပေါင်းတို့တွင်လည်း သားဦးဖြစ်တော်မူ၏။...ထိုသခင်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အားဖြင့်၄င်း၊ ထိုသခင်အဘို့အလိုငှါ၄င်း၊ ခပ်သိမ်းသောအရာတို့သည်
ဖန်ဆင်းလျက်ဖြစ်ကြ၏ (ကောလောသဲ ၁:၁၅၊ ၁၆)။

ဤတွင် ဂရိဝေါဟာရ *prōtotokos* (*πρωτότοκος*) ဟုပြန်ဆိုထားသော "သားဦး"သည် မွေးရာပါ သားဦးဖြစ်ခြင်းထက် သာလွန်မြင့်မြတ်မှုနှင့် အခွင့်အာဏာကို မကြာခဏရည်ညွှန်းသည်။ ရှေးခေတ် ကမ္ဘာတွင်၊ မိသားစုတစ်ခုတွင် သားဦးဖြစ်ခြင်းသည် ဦးစွာမွေးဖွားလာသူဖြစ်ရန် မလိုပါ။ ယင်းအစား၊ သားဦးသည် အမွေဆက်ခံပိုင်ခွင့် အကြီးမားဆုံးအခွင့်အရေးကို ရရှိသူဖြစ်သည်။ သူသည် ပုံမှန်အားဖြင့် ဖခင်ကွယ်လွန်ပြီးနောက် မိသားစုကို ဦးဆောင်မည့်သူဖြစ်သည်။ အသက်အကြီးဆုံး ယောက်ျားလေး သည် အစ်မများရှိလျှင်ပင်"သားဦး"ဟုသတ်မှတ်ခြင်းခံရသည်။ ၎င်းအပြင်၊ အကယ်၍အကြောင်းတစ်ခုခု ကြောင့် အကြီးဆုံးသားကိုရာထူးမှ ဖြုတ်ချခံရပါက၊ အငယ်ဆုံးသော သားယောက်ျား သည် သားဦးဖြစ် လာနိုင်သည်။

ယခုအခါ၊ ထင်ရှားသော မျက်မှောက်ခေတ်ဘာသာတရားအချို့သည် ဤ"သားဦး"ဟူသော အသုံး အနှုန်းကို ခရစ်တော်သည် ကမ္ဘာမဖန်ဆင်းမီ အမှန်တကယ်"မွေးဖွား"ခဲ့ခြင်းဖြစ်သည်ဟု လွဲမှားစွာ နားလည်ခြင်းကို ကျွန်ုပ်တို့ထောက်ပြသင့်သည်။ ဆိုလိုသည်မှာ၊ ခရစ်တော်သည်ဖန်ဆင်းခံဖြစ်ပြီး၊ ခမည်း တော်ဘုရားသခင်နှင့် စပ်ဆိုင်သောသူမဟုတ်၊ အစွမ်းတန်ခိုးနှင့် အခွင့်အာဏာတွင် ခမည်းတော်နှင့် တန်းတူမရှိဟု သူတို့ယုံကြည်ကြသည်။ သို့သော် ပေါလုသည် ခရစ်တော်၏အနေအထားကို ဖန်ဆင်းခြင်း အားလုံးအပေါ် အခွင့်အာဏာနှင့်သာလွန်မြင့်မြတ်မှုတို့နှင့်"သားဦး"အဖြစ်ဆက်စပ်ဖော်ပြခဲ့ပြီး၊ သခင် ယေရှုမတိုင်မီအချိန်နှင့် ပတ်သက်၍ ဘာမျှမပြောပါ။

ခရစ်တော်သည် ဖန်ဆင်းခြင်းအားလုံးအပေါ်တွင် သားဦးဖြစ်တော်မူသည်ဟု ပေါလုပြောသော အခါ၊ ခရစ်တော်သည် အခြားဖန်ဆင်းခံများ၏ရှေ့ဆုံးတွင် မွေးဖွားခြင်း သို့မဟုတ် ဖန်ဆင်းခြင်းခံရ သည်ဟု ဆိုလိုသည်မဟုတ်၊ ခမည်းတော်၏အခွင့်အာဏာကို ပိုင်ဆိုင်ထားသူဖြစ်သည်ဟု ဆိုလိုသည်။ ခရစ်တော်သည် ဖန်ဆင်းခြင်း၏အစိတ်အပိုင်းဖြစ်သည်ဟု မဆိုလိုဘဲ၊ ဖန်ဆင်းခြင်း၏အထက် သခင်ဖြစ် တော်မူသည်။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများ၏မိစ္ဆာဘုရားများသည် မည်သူ့ကိုမျှ ကောင်းချီးမင်္ဂလာ ပေးရန် အစွမ်းတန်ခိုး သို့မဟုတ် အခွင့်အာဏာမရှိကြောင်း ရှင်းလင်းစွာသိစေရန် ၎င်းကို အလေးပေး ဖော်ပြခဲ့သည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာအားလုံးကို အမွေ ဆက်ခံသူသားဦးဖြစ်ပြီး၊ သူတစ်ပါးတည်းသာ ဘုရားသခင်၏ကောင်းချီးမင်္ဂလာများကို အခြားသူများ အား ပေးနိုင်သည်။

**ဖန်ဆင်းခြင်း၏ကိုယ်စားလှယ် (၁:၁၆)။** တတိယ၊ ခရစ်တော်သည် စကြဝဠာကိုသူ့အားဖြင့် ဘုရားသခင်ဖန်ဆင်းခဲ့သောသူ၊ ဖန်ဆင်းခြင်း၏ကိုယ်စားလှယ်ဖြစ်သည်ဟုလည်း ပေါလုဆိုခဲ့သည်။ ယုဒလူမျိုး၏ဝိဇ္ဇာအတတ်ပညာသည် ဖန်ဆင်းခြင်းတွင် ကောင်းကင်တမန်များ၏ ထင်ရှားသောအခန်း ကဏ္ဍများကို မကြာခဏဖော်ပြသည်— ၎င်းအခန်းကဏ္ဍများသည် သမ္မာကျမ်းစာတွင် ဘုရားသခင်နှင့် ခရစ်တော်အတွက် ဖော်ပြထားသော အခန်းကဏ္ဍများဖြစ်ပြီး၊ ကောင်းကင်တမန်များအတွက် မဟုတ်ပါ။ ဂရိအတွေးအခေါ်တွင် နတ်ဆိုးအစွမ်းတန်ခိုးများနှင့် အခြားသောနက္ခတ်ဗေဒင်စွမ်းအားများကို တူညီ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သော အခန်းကဏ္ဍများအဖြစ် သတ်မှတ်လေ့ရှိသည်။ သို့သော် ရှင်ပေါလုက ခရစ်တော်သည် ဖန်ဆင်းခြင်း၏တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်ကြောင်း အခိုင်အမာဆိုခဲ့သည်။ သူသည် ဖန်ဆင်းရှင်ဖြစ်ပြီး ဤအခြားသော စွမ်းအားများအားလုံးသည် သူ့ထက်နိမ့်ကျပြီး သူ့ကိုနာခံသည်။ ကောလောသဲ ၁:၁၆ တွင် သူရေးထားသည်ကို နားထောင်ပါ_

> အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာ ရှိသမျှသော ရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ—ထိုသခင်အဘို့ အလိုငှါရင်း၊ ခပ်သိမ်းသောအရာတို့ သည် ဖန်ဆင်းလျက်ဖြစ်ကြ၏ (ကောလောသဲ ၁:၁၆)။

ကျွန်ုပ်တို့မြင်ပြီးဖြစ်သည့်အတိုင်း၊"အထွဋ်အမြတ်များ"နှင့်"အာဏာစက်များ"ဟူသော စကားလုံးများသည် မိစ္ဆာဆရာများကိုးကွယ်သော ဝိညာဉ်ရေးစွမ်းအားများကို ရည်ညွှန်းပါသည်။ ပေါလု၏အဆိုအရ၊ ခရစ်တော်သည် ဤအထွဋ်အမြတ်များနှင့် အာဏာစက်များအား ဖန်ဆင်းထားသောကြောင့်၊ ၎င်းတို့သည် ခရစ်တော်ကိုနာခံသည်။ ဖန်ဆင်းခြင်း၏ကိုယ်စားလှယ်အဖြစ် ခရစ်တော်၏ဦးစားပေးမှုသည် အကြီးမားဆုံးသောဝိညာဉ်ရေးရာစွမ်းအားများအပါအဝင် ဖန်ဆင်းခြင်းအတွင်းရှိအရာအားလုံးထက် သာလွန်ကောင်းမွန်စေသည်။

**အမြင့်မြတ်ဆုံးသောသခင် (၁:၁၈)။** စတုတ္ထ၊ အသင်းတော်၏ဦးခေါင်းအဖြစ် ဘုရားသခင်ခန့်ထားတော်မူသောကြောင့်၊ ခရစ်တော်သည် အမြင့်မြတ်ဆုံးသောသခင်ဖြစ်သည်ဟု ပေါလုဆိုသည်။ ကောလောသဲ ၁:၁၈ တွင် ပေါလုပြောထားသည်ကို နားထောင်ကြည့်ပါ_

> အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍၊ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏ (ကောလောသဲ ၁:၁၈)။

ခရစ်တော်သည် ဖန်ဆင်းရှင်ဖြစ်သည့်အပြင်၊ "အသင်းတော်၏ဦးခေါင်း"နှင့်"သေလွန်သောသူတို့၏သားဦး"လည်းဖြစ်ကြောင်း ပေါလုရှင်းပြခဲ့သည်။ တစ်နည်းဆိုရသော်၊ ကိုယ်တော်သည် အသစ်သောလူသား—အသင်းတော်—နှင့် ခရစ်တော်နှင့်အတူ အသက်တာသစ်သို့ ထမြောက်လာသူအားလုံးအပေါ် သခင်ဖြစ်တော်မူသည်။ ခရစ်တော်သည် ဖန်ဆင်းခြင်းအဟောင်းနှင့် ဖန်ဆင်းခြင်းအသစ်အပေါ် အုပ်စိုးသောသခင်ဖြစ်တော်မူသောကြောင့် "အရာရာ၌ထူးမြတ်တော်"မူသည်။ ကောလောသဲမြို့ရှိအသင်းတော်တွင် စတင်ဩဇာလွှမ်းမိုးလာခဲ့သည့် မိစ္ဆာဆရာများနှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး၊ ခရစ်တော်၏အမြင့်မြတ်ဆုံးသောအုပ်စိုးခြင်းနှင့် အရာအားလုံးထက်ဘုန်းကြီးသော အချုပ်အခြာအာဏာကို လွဲချော်စေသည့် မည်သည့်သွန်သင်ချက်မဆို မှားယွင်းပါသည်။

**လူ့ဇာတိခံယူသော ဘုရားသခင် (၁:၁၉)။** ပဥ္စမ၊ ခရစ်တော်သည် လူ့ဇာတိခံယူသောဘုရားသခင်ဖြစ်ကြောင်း ပေါလုရှင်းပြခဲ့သည်။ ဂရိတို့၏လွဲမှားသောဝါဒနှင့် ယုဒလူမျိုး၏ဝိဇ္ဇာအယူဝါဒဆိုင်ရာ

အထွဋ်အမြတ်များနှင့် အာဏာစက်များအကြောင်းဖော်ပြချက်များထက် ဤထူးခြားသောဖော်ပြချက် သည် သာလွန်ပါသည်။ ကောလောသဲ ၁:၁၉ တွင် ပေါလုပြောထားသည်ကို နားထောင်ကြည့်ပါ_

> အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်းငှါလည်း၊ (ကောလောသဲ ၁:၁၉)။

ဤနေရာတွင် ရှင်ပေါလုရှင်းလင်းစွာဖော်ပြထားသည့်အတိုင်း၊ ခရစ်တော်သည် လူ့ဇာတိခံယူသော်လည်း—အမှန်ပင် လူသားတစ်ဦးအဖြစ်—ဘုရားသခင်၏ပြည့်စုံခြင်းအားလုံးသည် သူ၌ကိန်းဝပ်ပြီး၊ အမြင့်မြတ်ဆုံးသောဘုရားသခင်၏လူ့ဇာတိခံယူခြင်းကို ဖြစ်စေသည်။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် နတ်ဝိညာဉ်များ၊ သို့မဟုတ် အထွဋ်အမြတ်များနှင့် အာဏာစက်များကို ကြည်ညိုရန် တောင်းဆိုသည်၊ အကြောင်းမှာ ဤဝိညာဉ်များသည် လူ့ရေးရာများအပေါ် ဩဇာလွှမ်းမိုးမှုရှိသည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ကောလောသဲမြို့အသင်းတော်ရှိ အချို့သောသူများသည် ဤသွန်သင်ချက်ကို ထင်ရှားစွာစတင်လက်ခံလာကြသည်။ သို့သော် ပေါလုသည် ဘုရားသခင်၏ အလုံးစုံသောပြည့်စုံခြင်းသည် ယေရှုခရစ်၌ကိန်းဝပ်ကြောင်း သွန်သင်ခဲ့သည်။ ကိုယ်တော်သည် စကြဝဠာကြီးကို ဖန်ဆင်းတော်မူသောဘုရားသခင်၏လူ့ဇာတိခံယူခြင်းဖြစ်ပြီး၊ အခြားသူများအားလုံးသည် အရှင်သခင်အဖြစ် သူ့ကိုနာခံရမည်ဖြစ်သည်။ ၎င်းသည် မိစ္ဆာဆရာများမြှင့်တင်ထားသော နိမ့်ပါးသောနာမ်ဝိညာဉ်များထက်ခရစ်တော်အား သာလွန်စေသည်။

**တစ်ဦးတည်းသော ပြန်လည်သင့်မြတ်စေသူ (၁:၂၀)။** နောက်ဆုံးတွင်၊ ပေါလုသည် ဘုရားသခင်နှင့် ကျဆုံးသည့် အပြစ်ရှိသောကမ္ဘာအကြားတွင် တစ်ဦးတည်းသော ပြန်လည်သင့်မြတ်စေသူအဖြစ် ခရစ်တော်ကိုချီးမြှောက်ခဲ့သည်။ ရှင်ပေါလုသည် ခရစ်တော်နှင့်သက်ဆိုင်သည့်ဤအချက်ကို ကောလောသဲ ၁:၁၉-၂၀ တွင်ရှင်းပြခဲ့သည်_

> အကြောင်းမူကား၊ ခပ်သိမ်းသောပြည့်စုံခြင်းကို သားတော်၌ ကိန်းဝပ်စေခြင်းငှါလည်း၊ လက်ဝါးကပ်တိုင်မှာ သွန်းသောအသွေးတော်အားဖြင့် ရန်ကို ငြိမ်းစေ၍၊ ကောင်းကင်အရာဖြစ်စေ၊ မြေကြီးအရာဖြစ်စေ၊ ခပ်သိမ်းသော အရာတို့ကို သားတော်အားဖြင့် ဘုရားသခင်နှင့် မိဿဟာယဖွဲ့စေခြင်းငှါလည်း အလိုရှိတော်မူ၏ (ကောလောသဲ ၁:၁၉-၂၀)။

ဘုရားသခင်၏အကြံအစည်တော်သည် သခင်ယေရှုအားဖြင့် "ခပ်သိမ်းသောအရာတို့ကို မိမိနှင့် မိဿဟာယဖွဲ့စေရန်"ဖြစ်သည်။ ဆိုလိုသည်မှာ၊ ယေရှုခရစ်သည် "လက်ဝါးကပ်တိုင်၏အသွေးတော်အားဖြင့်" ဘုရားသခင်နှင့် ကျဆုံးသောဖန်ဆင်းခြင်းအကြား ငြိမ်သက်ခြင်းကို ယူဆောင်လာသူဖြစ်သည်။ ရလဒ်အနေဖြင့်၊ ခရစ်တော်သည် ဘုန်းအသရေဖြင့်ကြွလာသောအခါ၊"မြေကြီးပေါ်၌ဖြစ်စေ ကောင်းကင်ဘုံ၌ဖြစ်စေ"ခပ်သိမ်းသောအရာတို့အပေါ် ဤငြိမ်သက်ခြင်းကိုပေးတော်မူလိမ့်မည်။

> ကျွန်ုပ်တို့သည် သန့်ရှင်းသောဘုရားသခင်ရှေ့မှောက်၌ မည်သို့ပြန်လည်သင့်မြတ်နိုင်မည်နည်း။ ခရစ်တော်သည်အစားထိုးပုဂ္ဂိုလ်မျှသာ မဟုတ်ပါ။ ကိုယ်တော်သည် အခြားလူမဟုတ်ပါ။ ကိုယ်တော်သည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းတောင်းဆိုချက်များကို ကိုယ်တိုင်ခံယူသည့် သုံးပါးတစ်ဆူ၏ ဒုတိယပုဂ္ဂိုလ်၊ ကျွန်ုပ်တို့၏နေရာ၌ရပ်တည်သူ၊ ကျွန်ုပ်တို့၏ကိုယ်စားလှယ်၊ ကျွန်ုပ်တို့၏ကိုယ်စားအသေခံသူ၊ ဘုရားသခင်-လူသားဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏အပြစ်ကို ယူဆောင်တော်မူပြီး၊ ဘုရားသခင်၏ဖြောင့်မတ်ခြင်းတောင်းဆိုချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ဘက်၌ရပ်တည်သောကြောင့် ကိုယ်တော်ကိုယုံကြည်သောကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံရပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပဋိညာဉ်ဦးခေါင်းအဖြစ် ရပ်တည်နေပါသည်။ ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ရရှိခဲ့သမျှ၊ ဘုန်းအသရေထင်ရှားခြင်းသည် ကျွန်ုပ်တို့နှင့်သက်ဆိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူအသေခံကြသည်။ ကိုယ်တော်နှင့်အတူရှင်ပြန်ထမြောက်ကြသည်။ ကျွန်ုပ်တို့၏အပြစ်၏အခများကို ဖယ်ရှားပြီးနောက်၊ ခမည်းတော်ရှေ့တော်၌ ဖြောင့်မတ်ခြင်းခံရကာ၊ ယုံကြည်ခြင်းအားဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။

**Dr Stephen J. Wellum**

ပေါလု၏အမြင်အရ၊ ကောလောသဲမြို့ရှိမိစ္ဆာဆရာများသည် အားနည်းသောတန်ခိုးများကို ကိုးကွယ်ရန် တောင်းဆိုခဲ့ကြသည်။ ကောလောသဲယုံကြည်သူများအနေဖြင့် ဤသွန်သင်ချက်ကို လိုက်နာခြင်းသည်၊ ခရစ်တော်နှင့်သာဆိုင်သော ဘုန်းအသရေနှင့် အခွင့်အာဏာကို ယုတ်လျော့စေခြင်း၊ ခိုးယူခြင်းပင် ဖြစ်သည်။ အဆုံးတွင်၊ ပေါလုသည် မိစ္ဆာဆရာများကိုလှောင်ပြောင်ပြီး၊ သူတို့သည် ခရစ်တော်နှင့်ဝေးရာသို့ ပို့ဆောင်နေကြောင်း ကောလောသဲခရစ်ယာန်များကို သတိပေးခဲ့သည်။ ပေါလုဟောပြောခဲ့သော ဧဝံဂေလိသတင်းကောင်းမှာ၊ ဘုရားသခင်သည် ဖန်ဆင်းခြင်းအားလုံးအား အပြစ်ကင်းစင်သော၊ သန့်ရှင်းပြီး ထာဝရကောင်းချီးမင်္ဂလာပေးခဲ့သည့်အခြေအနေသို့ ပြန်လည်ရောက်ရှိစေခြင်းပင် ဖြစ်သည်။ ဤအရာကို ဘုရားသခင်သည် သခင်ယေရှုခရစ်အားဖြင့်သာ ပြုတော်မူသည်။ ယေရှုတစ်ပါးတည်းအားဖြင့်သာ အပြစ်များသည်ခွင့်လွှတ်ပြီး၊ ဘုရားသခင်၏မျက်နှာသာကိုရရှိသည်။ မိစ္ဆာဆရာများ၏သေးငယ်ပြီးစွမ်းအားမဲ့သောဝိညာဉ်များကြောင့် စိတ်အနှောက်အယှက်ဖြစ်ရန် မလိုပါ။ ဘုရားသခင်ထံတော်သို့ ဝင်ရောက်ရန်နှင့် ကိုယ်တော်၏ဝိညာဉ်ရေးကောင်းချီးမင်္ဂလာများကို ယေရှု၌သာ ရရှိနိုင်သည်။

ခရစ်တော်သည် မိစ္ဆာဆရာများကိုးကွယ်သော အထွဋ်အမြတ်များနှင့် အာဏာစက်အားလုံးထက် သာလွန်မြင့်မြတ်ကြောင်း၊ ပေါလုသည် အနည်းဆုံးနည်းလမ်းခြောက်ခုဖြင့် သွန်သင်ခဲ့သည်။ ခရစ်တော်တစ်ပါးတည်းသာလျှင် ဘုရားသခင်၏ပုံသဏ္ဌာန်ဖြစ်ပြီး၊ ဖန်ဆင်းခြင်းအားလုံး၏သားဦး၊ ဖန်ဆင်းခြင်း၏ကိုယ်စားလှယ်၊ အမြင့်မြတ်ဆုံးသောသခင်၊ လူ့ဇာတိခံယူသော ဘုရားသခင်နှင့် တစ်ဦးတည်းသော

ပြန်လည်သင့်မြတ်စေသူဖြစ်သည်။ သူသည် ကောလောသဲမြို့ရှိမိစ္ဆာဆရာများ၏ နတ်ဘုရားများအား လုံးထက် သာလွန်သည်။

ခရစ်တော်၏သာလွန်မြင့်မြတ်မှုအားဖြင့် ခရစ်ယာန်ဘာသာ၏မြင့်မြတ်မှုကိုအာရုံစိုက်ပြီးနောက်၊ ပေါလုသည် ဒုတိယအကြောင်းအရာဖြစ်သော_ ကောလောသဲ ၁:၂၁–၂:၅ တွင် ခရစ်တော်၏အမှုတော်ဆောင်များ၏မြင့်မြတ်မှုကို ဟောပြောခဲ့သည်။

## ခရစ်တော်၏အမှုတော်ဆောင်များ၏မြင့်မြတ်မှု (၁:၂၁–၂:၅)

ခရစ်တော်သည် မိစ္ဆာဘုရားများထက်သာလွန်သောကြောင့်၊ ခရစ်တော်၏အမှုတော်ဆောင်များသည် မိစ္ဆာဘုရားများကို ဝတ်ပြုသူများထက် သာလွန်သည်ဟု ပေါလုဆိုခဲ့သည်။ ပေါလု၏ပြောဆိုချက်သည် အဓိကအယူအဆငါးခုနှင့် သက်ဆိုင်သည်_ခရစ်ယာန်ဧဝံဂေလိတရားအားဖြင့် ပြန်လည်သင့်မြတ်မှုပြီးပြည့်စုံခြင်း ၁:၂၁-၂၃ နှင့် ၂:၅၊ ပေါလု၏မိမိအကျိုးထက် အများအကျိုးကိုဦးစားပေးခြင်း ၁:၂၄၊ ပေါလု၏ဘုရားသခင့်အမှုတော် ၁:၂၅၊ ဧဝံဂေလိတရား၌ပေးထားသော သာလွန်သောဖွင့်လှစ်ဖော်ပြခြင်း ၁:၂၅-၂၈နှင့် ၂:၂-၄၊ ခရစ်တော်၏အမှုတော်ဆောင်များ၏အခွင့်အာဏာ ၁:၂၉–၂:၁ တို့ ဖြစ်သည်။

**ပြန်လည်သင့်မြတ်ခြင်း (၁:၂၁-၂၃; ၂:၅)။** ဦးစွာ၊ ပေါလုသည် ဧဝံဂေလိတရားအားဖြင့် ကောလောသဲယုံကြည်သူများ တွေ့ကြုံခံစားခဲ့ပြီးဖြစ်သည့် ပြန်လည်သင့်မြတ်ခြင်းကို အာရုံစိုက်ခြင်းဖြင့်၊ ခရစ်တော်၏အမှုတော်ဆောင်များ၏သာလွန်မြင့်မြတ်မှုအပေါ် အာရုံစိုက်ခဲ့သည်။ ကောလောသဲ ၁:၂၂၊ ၂၃ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း_

> ယခု သူသည်သင့်အားသန့်ရှင်း၍ အပြစ်ကင်းစင်ပြီး ကဲ့ရဲ့ရှုတ်ချခြင်းထက်
> သာ၍ကြီးသော ဧဝံဂေလိတရားကိုတင်ပြခြင်းငှာ အသေခံခြင်းအားဖြင့်
> သူ၏ဇာတိခန္ဓာ၌ ပြန်လည်သင့်မြတ်စေတော်မူပြီ (ကောလောသဲ ၁:၂၂၊ ၂၃)။

ဤကျမ်းပိုဒ်တွင်၊ ပေါလုသည် ခရစ်တော်နှင့် ကောလောသဲယုံကြည်သူများကို ဘုရားသခင်နှင့် ပြန်လည်ပေါင်းစည်းရန် ခရစ်တော်လုပ်ဆောင်ခဲ့သည့်အရာများကို အသေအချာ မီးမောင်းထိုးပြခဲ့သည်။ ခရစ်တော်၏အမှုတော်ဆောင်ဖြစ်သော သူ့ထံမှ"သူတို့ကြားသိရသော ဧဝံဂေလိတရား"မှတစ်ဆင့် ခရစ်တော်၏ကောင်းချီးမင်္ဂလာများကို သူတို့ရရှိခဲ့ကြောင်းကိုလည်း အာရုံစိုက်ခဲ့သည်။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် လူတို့အား နတ်ဆိုးများကိုနေရာချပေးရန်နှင့် ဤနည်းလမ်းများဖြင့် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းကိုရှာဖွေရန် တိုက်တွန်းအားပေးခဲ့သည်။ သို့သော် လက်တွေ့တွင်၊ သူတို့၏ "ဧဝံဂေလိတရား" ဟုခေါ်သောအရာသည် ကယ်တင်ရန် အစွမ်းမရှိသောကြောင့်၊ ၎င်းတို့အတွက် ပြန်လည်သင့်မြတ်ခြင်းသည် မည်သည့်အခါမှ ဖြစ်မလာခဲ့ပါ။ ဆန့်ကျင်ဘက်အားဖြင့်၊ ကောလောသဲယုံကြည်သူများသည် ပေါလုကဲ့သို့သော ဘုရားသခင်၏စစ်မှန်သောဓမ္မအမှုတော်ဆောင်များဟောပြောသည့် စစ်မှန်သောဧဝံဂေလိတရားအားဖြင့် စစ်မှန်သောပြန်လည်သင့်မြတ်ခြင်းကို တွေ့ကြုံခံစားခဲ့ပြီးဖြစ်သည်။ သူတို့သည် ခွင့်လွှတ်ခြင်းကိုရရှိခဲ့ပြီး၊ ခရစ်တော်၏ ဖြောင့်မတ်ခြင်းတရားကို ဝတ်ဆင်ကာ၊ ဘုရား



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်၏ရှေ့တွင် ရပ်နေကြသည်။ ၎င်းသည် ပေါလု၏စကားကို ယုံကြည်ရန်နှင့် မိစ္ဆာဆရာများကို ငြင်းပယ်ရန် သူတို့ကိုတိုက်တွန်းအားပေးပါသည်။

**ပရဟိတဝါဒ (၁:၂၄)။** ဒုတိယ၊ ပေါလု၏မိမိအကျိုးထက် အများအကျိုးကိုဦးစားပေးခြင်း၊ အသင်းတော်ကိုယ်စား သူ၏ကိုယ်ကျိုးမဖက်သော ဆင်းရဲဒုက္ခများကို ညွှန်ပြခြင်းဖြင့် ဧဝံဂေလိတရား၏သာသနာတော်ကို ချီးမြှောက်ခဲ့သည်။ ကောလောသဲ ၁:၂၄ တွင် သူရေးထားသည်မှာ_

> ခရစ်တော်၏ ဆင်းရဲဒုက္ခအကြွင်းအကျန်ကို အသင်းတော်တည်းဟူသော ကိုယ်တော်အဘို့အလိုငှါ ငါ့ကိုယ်ခန္ဓာ၌ ပြည့်စုံစေ၏ (ကောလောသဲ ၁:၂၄)။

အစောပိုင်းသင်ခန်းစာတစ်ခုတွင် ကျွန်ုပ်တို့တွေ့ခဲ့ရသည့်အတိုင်း၊ ပေါလု၏ဆင်းရဲဒုက္ခ၊ အထူးသဖြင့် အကျဉ်းကျနေချိန်၏ဆင်းရဲဒုက္ခသည် အသင်းတော်ကိုအကျိုးပြုခဲ့သည်။ ၎င်းသည် ဧဝံဂေလိတရားအတွက် အစွမ်းထက်သောသက်သေကိုပေးခဲ့ပြီး၊ အသင်းတော်ကိုတိုက်တွန်းအားပေးကာ၊ ခရစ်တော်၏ဆင်းရဲဒုက္ခများကို ပြီးမြောက်စေခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် အကျဉ်းကျခြင်း၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း မရှိခဲ့ကြပါ။ အသင်းတော်ကိုယ်စား သူ၏ဆင်းရဲခံလိုသောဆန္ဒကို မီးမောင်းထိုးပြခြင်းဖြင့်၊ ပေါလုသည် ခရစ်တော်၏စစ်မှန်သောဓမ္မအမှုတော်ဆောင်များသည် ယုံကြည်ကိုးစား အတုယူထိုက်သောသူ ဖြစ်သင့်သည်ဟု ရှင်းလင်းစွာဖော်ပြခဲ့သည်။

**အမှုတော် (၁:၂၅)။** တတိယ၊ ပေါလုသည် သူ၏ဘုရားသခင့်အမှုတော်အကြောင်းကို ဟောပြောခဲ့သည်။ ကောလောသဲမြို့ရှိ ကိုယ်တိုင်ခန့်အပ်ထားသော မိစ္ဆာဆရာများနှင့်မတူဘဲ၊ ဘုရားသခင်ကိုယ်တိုင် သူ၏တမန်တော်အဖြစ် ခန့်အပ်ခြင်းကို ပေါလုခံရသည်။ ပေါလုသည် သူ၏အမှုတော်ကို ကောလောသဲ ၁:၂၅-၂၆ တွင် ဖော်ပြခဲ့သည်_

> ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို အကုန်အစင်ဟောပြောစေခြင်းငှါ၊ သင်တို့အကျိုးကိုထောက်၍၊ ငါ့အား အပ်ပေးတော်မူသော ဘုရားသခင်၏ သာသနာတော်နှင့်အညီ၊ ငါသည် အသင်းတော်၌ ဓမ္မဆရာ၏ အဖြစ်သို့ ရောက်ရပြီ (ကောလောသဲ ၁:၂၅-၂၆)။

ဤနေရာတွင် တွေ့မြင်ရသည့်အတိုင်း၊ ပေါလုသည် "ဘုရားသခင်၏သာသနာတော်နှင့်အညီ" တမန်တော်တစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ မိမိ၏စကားမဟုတ်ဘဲ၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြေငြာခဲ့သည်။ သူ၏ငယ်ရွယ်စဉ်ကာလတွင်၊ ပေါလုသည်အသင်းတော်အားဖွဲ့လုံ့လဖြင့် ညှဉ်းပန်းနှိပ်စက်သူဖြစ်သည်။ သို့သော် ရှင်ပြန်ထမြောက်သော သခင်ယေရှုသည် သူ့အားထင်ရှားပြပြီး ပြောင်းလဲစေခဲ့သည်။ ထိုအချိန်တွင်၊ ယေရှုသည် ပေါလုအား သူ၏တမန်တော်အဖြစ်ခန့်အပ်ခဲ့ပြီး၊ သူ၏ကိုယ်စား ပြောဆိုရန် အခွင့်အာဏာပေးခဲ့သည်။ ပေါလု၏အခွင့်အာဏာသည် ကောလောသဲမြို့ရှိ မိစ္ဆာဆရာများထက် များစွာသာလွန်သည်ဟု ဆိုလိုသည်။ ကောလောသဲ ၂:၈ တွင် ပေါလုသည် သူ၏သွန်သင်ချက်များကို မှားယွင်းသောသွန်သင်ချက်နှင့် ဆန့်ကျင်ကာဖော်ပြခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရစ်တော်၏တရားကိုမလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားနကို လိုက်၍၊ လောကီပညာနှင့် အချည်းနှီးသောပရိယာယ် အားဖြင့် သင်တို့ကို အဘယ်သူမျှ မလုယူမဖျက်ဆီးစေခြင်းငှါ သတိပြုကြလော့ (ကောလောသဲ ၂:၈)။

မိစ္ဆာဆရာများသည် ဤအပြစ်ရှိသောလောက၏"လူ့နည်းဥပဒေသ"နှင့် နတ်ဆိုး၏"လောကီတရားများ"ပေါ်တွင် အခြေပြုထားသည့် အချည်းနှီးနှင့် လှည့်စားသောသွန်သင်ချက်များကို ကောလောသဲယုံကြည်သူများထံ ယူဆောင်လာကြသည်။ သို့သော် ဆန့်ကျင်ဘက်အားဖြင့်၊ သူသည် ခရစ်တော်အပေါ် အခြေပြုထားသော ဘုရားသခင်၏ သမ္မာတရားကို သူတို့အား သွန်သင်ပေးခဲ့သည်။

**ဖွင့်လှစ်ဖော်ပြခြင်း(၁:၂၅-၂၈; ၂:၂-၄)။** စတုတ္ထ၊ ပေါလုသည် သူရရှိထားသော ဖွင့်လှစ်ဖော်ပြခြင်းသည် မိစ္ဆာဆရာများ၏ အခိုင်အမာပြောဆိုခြင်းထက် သာလွန်ကြောင်း ထောက်ပြခဲ့သည်။ ဥပမာ၊ ကောလောသဲ ၂:၄ တွင်တွေ့ရသော ပေါလု၏စကားများကို နားထောင်ပါ_

> အဘယ်မည်သောသူမျှ ဖြားယောင်းသောစကားအားဖြင့် သင်တို့ကို မလှည့်ဖြားစေခြင်းငှါ၊ ဤ စကားကို ငါပြောဆို၏ (ကောလောသဲ ၂:၄)။

မိစ္ဆာဆရာများ၏စကားများသည် ယုံကြည်သူများကိုလှည့်ဖြားကြောင်း ပေါလုရှင်းပြခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ သူ၏ပြောဆိုမှုများသည် ခရစ်ယာန်များအား မိစ္ဆာဆရာများ၏လှည့်ဖြားမှုကို ရှောင်ရှားနိုင်ရန် ကူညီပေးခြင်းဖြင့် သမ္မာတရားကိုဖော်ပြခဲ့သည်။ အမှန်တကယ်တွင် ဂလာတိ ၁:၁၅-၁၈ အရ၊ ပေါလုသည် အာရေဗျတောနှင့် ဒမာသက်မြို့၌ သုံးနှစ်တိုင်အောင် ဘုရားသခင်ထံမှ ဖွင့်လှစ်ဖော်ပြခြင်းများကို ခံယူခဲ့သည်။ သို့သော် မိစ္ဆာဆရာများသည်၊ လူ့လက်ဖြင့်ဆင်းသက်လာခဲ့သည့် ထုံးတမ်းစဉ်လာများကို မှီခိုအားထားကြသည်။ ၎င်းက ပေါလု၏ဖွင့်လှစ်ဖော်ပြချက်များသည် မိစ္ဆာဆရာများ၏ ဖွင့်လှစ်ဖော်ပြချက်များထက် များစွာသာလွန်စေသည်။

ပေါလု၏ဖွင့်လှစ်ဖော်ပြခြင်းများသည် ဘုရားသခင်ထံမှလာခဲ့ခြင်းဖြစ်ပြီး၊ ၎င်းတို့သည် ကောလောသဲမြို့ရှိ အယူမှားများ၏သွန်သင်ချက်များကဲ့သို့ လူသား၏တီထွင်မှုမျှသာမဟုတ်ကြောင်း အလွန်ထင်ရှားပါသည်။ သို့သော် ပို၍အရေးကြီးသည်မှာ၊ ပေါလု၏ဖွင့်လှစ်ဖော်ပြချက်များ၏*အကြောင်းအရာ* သည် ကောလောသဲမြို့ရှိ မှားယွင်းသောသွန်သင်ချက်ထက် သာလွန်သည်။ ကောလောသဲအသင်းတော်ထံ ပေးပို့ခဲ့သည့်သူ၏စာတွင်၊ ပေါလုသည် သူ၏ဖွင့်လှစ်ဖော်ပြခြင်းများကို ဘုရားသခင်သည်သူ့အား ဖော်ပြခဲ့သော "နက်နဲသောအရာ"အဖြစ်နှင့် "ဉာဏ်၏စည်းစိမ်အပေါင်း"အဖြစ်ဖော်ပြခဲ့သည်။ ပေါလုသည် ဤစည်းစိမ်များ—သူဟောပြောခဲ့သော ဧဝံဂေလိတရားများကို မိမိ၌မသိမ်းဆည်းခဲ့ပါ။ ၎င်းတို့သည် ခရစ်တော်၏ပူဇော်သက္ကာအပေါ်အခြေခံ၍၊ ယုံကြည်ခြင်းနည်းလမ်းအားဖြင့် လက်ခံရရှိသော ဘုရားသခင်ထံ ပြန်လည်သင့်မြတ်ခြင်းနှင့် ကိုယ်တော်၏နိုင်ငံတော်တွင် ပါဝင်ခြင်းဆိုင်ရာ သမ္မာတရားများဖြစ်သည်။ ဤကြေငြာချက်သည် မိစ္ဆာဆရာများ ဟောပြောသမျှထက် သာလွန်သည်။

**အခွင့်အာဏာ (၁:၂၉–၂:၁)။** ပဥ္စမ၊ ဘုရားသခင် သည် သူ၏အမှုတော်ဆောင်များထံ အစွမ်းပေးခဲ့ကြောင်း၊ ခရစ်တော်၏ဓမ္မအမှုတော်ကို ထမ်းဆောင်သူများ၏ သာလွန်သောအခွင့်အာဏာကို ပေါလုဖော်ပြခဲ့သည်။ ပေါလုသည် မိမိအစွမ်းအစအားဖြင့် မကြိုးစားခဲ့ပါ။ ယင်းအစား၊ ဘုရားသခင်သည် သူ့ကိုခရစ်တော်၏တမန်တော်အဖြစ် အစေခံရန်နှင့် ဆင်းရဲဒုက္ခခံရန် အခွင့်အာဏာပေးထားသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပေါလုအား အံ့ဩဘွယ်သောဆုကျေးဇူးများ၊ ထိုသူတို့အား ဟောပြောရန်အခွင့်အလမ်းများနှင့် ပြောရန်နှုတ်ကပတ်တော်များကို ပေးခဲ့သည်။ ထို့ပြင် သူ၏သက်သေခံချက်ကို အတည်ပြုရန် အံ့ဖွယ်အမှုများကို ပေးခဲ့သည်။ သို့ဖြစ်၍ ပေါလုသည် မြေကြီးပေါ်၌ ဘုရားသခင်၏နိုင်ငံတော်ကို တိုးတက်စေနိုင်မည်ဖြစ်သည်။ ကောလောသဲ ၁:၂၉ တွင် ပေါလုရေးခဲ့သည့်အတိုင်း_

> ထိုသို့အလိုငှါ ငါသည်အမှုဆောင်ရွက်၍၊ ငါ၌တန်ခိုးတော် ပြပြင်အားထုတ်တော်မူသည်အတိုင်း ကြိုးစားအားထုတ်လေ့ရှိ၏ (ကောလောသဲ ၁:၂၉)။

ပေါလု၏အခွင့်အာဏာ၊ နှုတ်ကပတ်တော်နှင့် တန်ခိုးသည် ဘုရားသခင်ထံမှ ဆင်းသက်လာသည်။ ကောလောသဲမြို့ရှိ မိစ္ဆာဆရာများနှင့် နှိုင်းယှဉ်၍မရပါ။ သူတို့၏လုပ်ဆောင်မှုနှင့် သူတို့၏သတင်းစကားများသည် တန်ခိုးမဲ့ကာ အဓိပ္ပါယ်မရှိပါ။

အချုပ်အားဖြင့်ဆိုရသော်၊ ပေါလုသည်ခရစ်ယာန်ဧဝံဂေလိတရားအားဖြင့် ပြီးမြောက်သောပြန်လည်သင့်မြတ်ခြင်း၊ သူတို့၏အကျိုးကိုဦးစားပေးခြင်း၊ သူတို့၏ဘုရားသခင့်အမှုတော်၊ သူတို့ရရှိခဲ့သော ဖွင့်လှစ်ဖော်ပြခြင်းနှင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သူတို့၏အခွင့်အာဏာများအကြောင်းရေးသားခြင်းဖြင့်၊ ခရစ်တော်၏အမှုတော်ဆောင်များ၏ သာလွန်မြင့်မြတ်မှုကို အလေးပေးဖော်ပြသည်ကို တွေ့မြင်ရသည်။

## ခရစ်တော်၌ ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှု(၂း၆-၂၃)

ခရစ်တော်၏သာလွန်မြင့်မြတ်ခြင်းနှင့် သူ၏အမှုတော်ဆောင်များ၏မြင့်မြတ်ခြင်းကို ဖော်ပြပြီးနောက်၊ ပေါလုသည် ခရစ်တော်၌ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှုကို ၂:၆-၂၃ တွင် ဆက်လက်ဖော်ပြခဲ့သည်။ ခရစ်တော်၌ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှုအကြောင်း ပေါလု၏ဆွေးနွေးချက်တွင် အဓိကအပိုင်းနှစ်ပိုင်း ခွဲခြားထားသည်_ခရစ်တော်နှင့်ပေါင်းစည်းသည့်အသက်တာအတွက် ဘုရားသခင်အားချီးမွမ်းခြင်း ၂:၆-၁၅ နှင့် နတ်ဆိုးတို့၏လက်အောက်ခံဘဝတွင် နေထိုင်သည့်အသက်တာကို ပြစ်တင်ရှုံ့ချခြင်း ၂:၁၆-၂၃ ဖြစ်သည်။ ခရစ်တော်နှင့် ပေါင်းစည်းသောအသက်တာကို ကျွန်ုပ်တို့ဦးစွာစဉ်းစားကြမည်။

**ခရစ်တော်၌အသက်ရှင်ခြင်း (၂:၆-၁၅)။**ခရစ်တော်နှင့်ပေါင်းစည်းခြင်းအားဖြင့် ရရှိလာသောကယ်တင်ခြင်း၏အကျိုးကျေးဇူး အနည်းဆုံးသုံးခုကို ပေါလုဖော်ပြခဲ့သည်။ သူသည် ၂း၆-၁၀ တွင်ခရစ်တော်၏ကောင်းမြတ်မှုနှင့် ထက်မြက်သော အုပ်စိုးခြင်းဖြင့် စတင်ခဲ့သည်။ ဤအခန်းငယ်များတွင်၊ ခရစ်တော်သည် ကျွန်ုပ်တို့၏သခင်ဖြစ်သောကြောင့်၊ ကိုယ်တော်၌အမြစ်တွယ်ပြီး ခိုင်ခံ့မြဲမြံစေတော်မူ၍၊ ကိုယ်တော်၏ကျေးဇူးကြီးမားမှုကိုခံစားရကြောင်း ပေါလုဖော်ပြခဲ့သည်။ မိစ္ဆာဆရာများနောက်သို့ လိုက်သူများသည် ၎င်းတို့ကိုးကွယ်သည့် သေးငယ်သောဝိညာဉ်ရေးစွမ်းအားများ၏သို့ပန်းများ ဖြစ်ကြ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သော်လည်း၊ ခရစ်တော်၏အုပ်စိုးခြင်းအောက်တွင်ရှိသောသူများကိုမူ ကိုယ်တော်သည် သူနှင့်အတူ အုပ်စိုးရန် အခွင့်အာဏာပေးထားသည်။ ကောလောသဲ ၂း၉-၁၀ တွင် ပေါလုရေးခဲ့သည့်အတိုင်း_

> အကြောင်းမူကား၊ ဘုရားသခင်၏ ဇာတိအဖြစ်တော်၏ ပြည့်စုံခြင်းအပေါင်းသည် ခရစ်တော်၌ကိုယ်ထင်ရှား၍ ကျိန်းဝပ်တော်မူ၏။ အထွဋ်အမြတ် အာဏာစက်ရှိသမျှကို အုပ်စိုးတော်မူသော ထိုသခင်၌ သင်တို့သည် စုံလင်ခြင်းရှိကြ၏ (ကောလောသဲ ၂း၉-၁၀)။

ခရစ်တော်၌"အထွဋ်အမြတ် အာဏာစက်ရှိသမျှ"ကိုအုပ်စိုးသော ဘုရားသခင်၏အခွင့်အာဏာ ရှိသော်လည်း၊ သူ၏နောက်လိုက်များသည် "ကိုယ်တော်၌ပြည့်စုံကြပြီ"ဖြစ်သည်။ ယုံကြည်သူများသည် ခရစ်တော်နှင့် စည်းလုံးညီညွတ်ကြသောကြောင့်၊ သူတို့သည် ဘုရားသခင်၏အခွင့်အာဏာထံမှ အကျိုးကျေးဇူးများ ရရှိကြသည်။

ဒုတိယ ၂:၁၁-၁၃ တွင်၊ ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ပေါင်းစည်းသောကြောင့်၊ ယုံကြည်သူများ၌ ရှိသော ဝိညာဉ်ရေးရာထမြောက်ခြင်းအကြောင်းကိုလည်း ပေါလုဖော်ပြခဲ့သည်။ ပေါလုရေးခဲ့သော ကောလောသဲ ၂:၁၂ ကို နားထောင်ပါ_

> ဗတ္တိဇံအားဖြင့် ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကိုခံကြ၏။ ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူသော ဘုရားသခင်၏ ပြုပြင်အားထုတ်တော်မူခြင်းကို ယုံကြည်သောအားဖြင့်၊ ဗတ္တိဇံကိုခံ၍ ထိုသခင်နှင့်အတူ ထမြောက်ခြင်းသို့ ရောက်ကြ၏ (ကောလောသဲ ၂:၁၂)။

ကျွန်ုပ်တို့ယုံကြည်သူများသည် ခရစ်တော်နှင့် စည်းလုံးညီညွတ်သောကြောင့်၊ ခရစ်တော်၏ အသေခံခြင်းတွင်သာမက၊ ခွင့်လွှတ်ခြင်းအကျိုးကိုရရှိကာ၊ ခရစ်တော်၏ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်တာတွင်လည်း ပါဝင်ခြင်းဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်များပြန်လည်မွေးဖွားခြင်းနှင့် အသက်တာ အသစ်တို့ကိုဖြစ်ပေါ်စေပါသည်။

> ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခြင်းသည် ကျွန်ုပ်တို့၏ဘဝနေထိုင်ပုံအတွက် ကြီးမားသောသက်ရောက်မှုရှိကြောင်း ပေါလုဆိုသည်။ ကျွန်ုပ်တို့သည် အပြစ်တရား၏ကျွန်မဟုတ်တော့ဘဲ၊ ရောမ ၆ အရ ဖြောင့်မတ်ခြင်းတရား၏ ကျွန် ဖြစ်ကြသည်။ ခရစ်တော်သည် သေခြင်းမှထမြောက်တော်မူသောကြောင့်၊ ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံခဲ့ကြရပြီး၊...ကိုယ်တော်သည် အသစ်သောအသက်တာသို့ ထမြောက်လာသကဲ့သို့ ယခုကျွန်ုပ်တို့သည် ထမြောက်လာပါသည်။ ထို့ကြောင့်၊ ပေါလုပြောသည်မှာ... ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ခရစ်ယာန်များမဖြစ်မီက အသက်ရှင်ခဲ့သည့် ဘုရားသခင်ကို မချီးမြှောက်၊ မနှစ်သက်စေသော ဘဝဟောင်းအသက်တာကို ယခုတွင်စွန့်ပယ်

> ထားခဲ့ပြီး၊ ယေရှုသည် သေခြင်းမှ ထမြောက်လာသကဲ့သို့ ရှင်ပြန်ထမြောက်သော အသက်တာသစ်တွင် ကျွန်ုပ်တို့စတင် အသက်ရှင်နေပြီဖြစ်သည်။
>
> **Dr Frank Thielman**

တတိယ၊ ကောလောသဲ ၂း၁၃-၁၅ တွင်ယုံကြည်သူများသည် ခရစ်တော်နှင့် စည်းလုံးညီညွတ်ခြင်းကြောင့်၊ ကျွန်ုပ်တို့သည် အပြစ်၏ခွင့်လွှတ်ခြင်းကိုရရှိကြပြီး ကယ်တင်ခြင်းရရှိရန်ကြိုးစားခြင်းမှ လွတ်မြောက်ကြသည်ဟူသော အယူအဆကို ပေါလုဖော်ပြခဲ့သည်။ ကောလောသဲ ၂း၁၃-၁၄ တွင် သူရေးခဲ့သည်မှာ_

> ဒုစရိုက်အပြစ်၌၎င်း၊ ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသောအဖြစ်၌၎င်း သေလျက်ရှိနေသော သင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍၊ သင်တို့ အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။...လက်ဝါး ကပ်တိုင်မှာ ရိုက်ထားလျက်၊ (ကောလောသဲ ၂း၁၃-၁၄)။

ဘုရားသခင်၏ပညတ်တရားသည် ကျဆုံးသောလူသားများကို သေခြင်းတရားဖြင့် ရှုတ်ချသည်။ ခရစ်တော်ကို ယုံကြည်သူတိုင်းသည် ကိုယ်တော်၏အသေခံခြင်း၌ ခရစ်တော်နှင့်အတူ စည်းလုံးညီညွတ်သောကြောင့်၊ ကျွန်ုပ်တို့သည် ပညတ်တရား၏တောင်းဆိုချက်ဖြစ်သော သေခြင်းတရားအတွက် အသေခံပြီးဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်စီရင်ခြင်း အလုံးစုံတို့မှ ကင်းလွတ်မည့်အကြောင်း၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ပြစ်ဒဏ်ကို ခံတော်မူခဲ့သည်။

**နတ်ဆိုးတို့၏စွမ်းအားအောက်ရှိ အသက်တာ (၂း၁၆-၂၃)။** ခရစ်တော်၏အသက်တာ၏ ကောင်းချီးမင်္ဂလာများကိုနောက်ခံထားပြီး၊ ပေါလုသည် ၂း၁၆-၂၃ တွင် နတ်ဆိုးများ၏လက်အောက်ခံဘဝတွင် အသက်ရှင်ခြင်းကိုရှုတ်ချကာ၊ ခရစ်တော်၌ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်ကြောင်းကိုလည်း အလေးပေးဖော်ပြခဲ့သည်။ မိစ္ဆာဆရာများသည် ကောလောသဲယုံကြည်သူများအား ဤလောကရှိ နတ်ဆိုးစွမ်းအားများ၏နောက်သို့လိုက်ရန် တောင်းဆိုကြသည်။ သို့သော် ဤစွမ်းအားများ၏အောက်တွင်ရှိသောဘဝသည် လူများကို ဝိညာဉ်ဆိုးများ၏အုပ်စိုးခြင်းအောက်တွင် နေရာချထားသည်။ ၎င်းသည် တရားစီရင်ခြင်းသာမက၊ ခရစ်တော်ပေးသော ကောင်းချီးမင်္ဂလာများအားဆုံးရှုံးခြင်းကိုလည်း ဖြစ်ပေါ်စေပါသည်။ ထို့အပြင်၊ ခရစ်တော်နှင့်ပေါင်းစည်းခြင်းသည် ဝိညာဉ်ရေးရာထမြောက်ခြင်းကို ဖြစ်ပေါ်စေသော်လည်း၊ ခရစ်တော်ထံမှ နတ်ဆိုး၏စွမ်းအားများဆီသို့ ကူးပြောင်းသူတိုင်းသည် ခရစ်တော်နှင့် ကင်းကွာပြီး ဝိညာဉ်ရေးဆိုင်ရာအားနည်းခြင်းကို ကြုံတွေ့ရသည်။ ကောလောသဲ ၂း၁၉ တွင်ပေါလု ရေးခဲ့သည်မှာ_

> ဦးခေါင်းတော်မှ တကိုယ်လုံးသည် အဆစ်အပိုင်းအထုံးအဖွဲ့များအားဖြင့်၊ အားဖြည့်၍ထုံးဖွဲ့လျက်၊ ဘုရားသခင်၏အလိုတော်နှင့်အညီ ကြီးပွါးတတ်၏ (ကောလောသဲ ၂း၁၉)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထို့အပြင်၊ ခရစ်တော်နှင့်ပေါင်းစည်းခြင်းသည် ခွင့်လွှတ်ခြင်းနှင့် ပညတ်တရား၏ပြစ်တင်ရှုတ်ချခြင်းမှ လွတ်မြောက်စေသော်လည်း၊ နတ်ဆိုး၏စွမ်းအားများသို့ ကူးပြောင်းခြင်းသည် ကောလောသဲယုံကြည်သူများအား အချည်းနှီးသောခြိုးခြံခြင်းအယူဝါဒများသို့ သက်ရောက်စေသည်။ ကောလောသဲ ၂:၂၃ တွင်ခြိုးခြံခြင်းအယူဝါဒ၏အကျိုးမရှိခြင်းအပေါ် ပေါလု မှတ်ချက်ပေးပုံကို နားထောင်ပါ_

> ထိုသို့သောပညတ်တို့သည် ကိုယ်အသားကိုဝပြောစွာ ကျွေးမွေးခြင်းနှင့်မဆိုင်၊ ကိုယ်အလိုအလျောက်ကိုးကွယ်ခြင်း၊ စိတ်နှိမ့်ချခြင်း၊ ကိုယ်ကာယကိုနှိပ်စက်ခြင်းနှင့်ဆိုင်၍၊ ပညာရှိယောင်ဆောင်ကြ၏ (ကောလောသဲ ၂:၂၃)။

ကောလောသဲမြို့ရှိ အချို့သောသူတို့တွင်၊ မိစ္ဆာဆရာများ၏ မိစ္ဆာဘုရားများကိုနာခံခြင်းသည် "ကိုယ်ခန္ဓာခြိုးခြံခြင်းနှင့် နှိပ်စက်ခြင်းကိုသာ"ဖြစ်ပေါ်စေသည်။ ၎င်းသည် အပြစ်အတွက် အသုံးမဝင်ပါ။ ထိုသို့ကြမ်းတမ်းသောအသက်တာသည် ကောင်းချီးမင်္ဂလာများဆီသို့ ဦးတည်သွားသည်ဟု ယူဆရသော်လည်း၊ မည်သူ့ကိုမျှ ကောင်းချီးမင်္ဂလာပေးနိုင်စွမ်း နတ်ဆိုးများ၌မရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့်၊ ခရစ်တော်နှင့်ပေါင်းစည်းခြင်းသည် နာခံခြင်းထက် လွတ်လပ်မှုကိုပေးစွမ်းပြီး၊ အပြစ်၏တန်ခိုးကို အမှန်တကယ်ပျက်ဆီးစေသည်။

ခရစ်တော်နှင့်ပေါင်းစည်းသောအသက်တာနှင့် နတ်ဆိုးများ၏အောက်တွင်နေထိုင်သည့် အသက်တာ၏ကွဲပြားမှုမှာ၊ စစ်မှန်သောခရစ်ယာန်ဧဝံဂေလိတရားတွင် ပေးသောကယ်တင်ခြင်းသည် ကောလောသဲမြို့ရှိ မိစ္ဆာဆရာများပေးသည်ထက် များစွာသာလွန်ကြောင်း ပေါလုသရုပ်ပြခဲ့သည်။

နောက်ဆုံးတွင်၊ ခရစ်တော်၏ဓမ္မအမှုတော်ဆောင်များ၏သာလွန်မြင့်မြတ်မှုနှင့် ခရစ်တော်၏ဧဝံဂေလိတရားတွင်ပေးသော ကယ်တင်ခြင်း၏သာလွန်မြင့်မြတ်မှုကို ဟောပြောပြီးနောက်၊ ပေါလုသည် ကောလောသဲ ၃:၁–၄:၆ တွင်ခရစ်ယာန်အသက်တာ၏သာလွန်မြင့်မြတ်မှုကို ဖော်ပြခဲ့သည်။ ဤအခန်းတွင်၊ ပေါလုသည် ခရစ်ယာန်အသက်ရှင်မှုပုံစံသည် မိစ္ဆာဆရာများထောက်ခံသည့်အသက်ရှင်မှုပုံစံထက် များစွာပို၍ ကျင့်ဝတ်ရှိကြောင်း သရုပ်ပြခဲ့သည်။

## ခရစ်ယာန်အသက်တာ၏ သာလွန်မြင့်မြတ်မှု (၃:၁–၄:၆)

ကောလောသဲမြို့ရှိ မိစ္ဆာဆရာများသည် ကျင့်ဝတ်ဆိုင်ရာအသက်ရှင်မှုနှင့်ပတ်သက်၍ အလွန်အလေးထားပုံရသည်။ နောက်ဆုံးတွင်၊ သူတို့၏ကြမ်းတမ်းသောအသက်တာ၏ပန်းတိုင်မှာ သွေးသားအလိုလိုက်ခြင်းကို ရှောင်ရှားရန်ဖြစ်သည်။ ထို့အတွက်ကြောင့်၊ ၎င်းတို့၏ကျင့်ဝတ်စံနှုန်းများ သို့မဟုတ် ပန်းတိုင်များသည် ကောလောသဲခရစ်ယာန်အသင်းတော်အတွက် ဆွဲဆောင်မှုရှိခဲ့သည်။ သို့သော် ပြဿနာတစ်ခုရှိပါသည်။ ရိုးရှင်းစွာပြောရလျှင်၊ ခြိုးခြံခြင်းအယူဝါဒသည် အလုပ်မဖြစ်ပါ။ အမှန်တကယ်တွင် ကျဆုံးသွားသော လူသားများသည် အပြစ်ကိုတွန်းလှန်ရန် အစွမ်းသတ္တိမရှိခြင်းပင် ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည်ခရစ်တော်မပါဘဲအပြစ်ကို မည်မျှပင်ရှောင်ရှားနေပါစေ၊ အစဉ်ရှုံးနိမ့်နေမည်ဖြစ်သည်။ ကျင့်ဝတ်အရအသက်ရှင်နေထိုင်ရန်နှင့် ဘုရားသခင်ပေးထားသည့် ကိုယ်ကျင့်တရားစံနှုန်းများကို နာခံရန်၊ ကျွန်ုပ်တို့ထက် များစွာပို၍တန်ခိုးကြီးသောအရာကို ကျွန်ုပ်တို့အားကိုးမှီခိုရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချို့သောနည်းများတွင်၊ ခရစ်ယာန်အသက်တာနှင့်ပတ်သက်သော ပေါလု၏သွန်သင်ချက်သည် မိစ္ဆာဆရာများ၏သွန်သင်ချက်နှင့် ဆင်တူသည်။ အမှန်တကယ်တွင်၊ ပေါလုသည် လောကဆိုင်ရာအရာများကိုမဟုတ်ဘဲ ကောင်းကင်နှင့် ဝိညာဉ်ရေးဆိုင်ရာအရာများကိုသာ အာရုံစိုက်ခြင်းသည် မှန်ကန်သည်ဟု ပြောရန်ကြိုးစားခဲ့သည်။ ကောလောသဲ ၃:၂ တွင် သူပြောထားသည်ကို နားထောင်ပါ_

> မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။
> အထက်အရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြလော့ (ကောလောသဲ ၃:၂)။

ပေါလု၏အဆိုအရ၊ ကျွန်ုပ်တို့သည် လောကဆိုင်ရာအရာများထက် ဝိညာဉ်ရေးနှင့် ကောင်းကင်ဆိုင်ရာအရာများကို ပို၍တန်ဖိုးထားရမည်ဖြစ်သည်။ ဤအမြင်ကို ခြိုးခြံခြင်းဆရာများသည် အနည်းဆုံး အပေါ်ယံအားဖြင့် မျှဝေခဲ့ကြသည်။ ခြိုးခြံခြင်းဆရာများကဲ့သို့ပင်၊ ပေါလုသည် ဇာတိပကတိအလိုလိုက်ခြင်းမပြုရန် ပြင်းထန်စွာ သွန်သင်ခဲ့သည်။ ဥပမာ၊ ကောလောသဲ ၃:၅ တွင် ပေါလုဤသို့ရေးသားခဲ့သည်_

> ထိုကြောင့် မတရားသောမေထုန်၌မှီဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊
> ကိလေသာပူပန်ခြင်း၊ ဆိုးညစ်သောတပ်မက်ခြင်း၊ ရုပ်တုကို
> ကိုးကွယ်ခြင်းဖြစ်သော လောဘလွန်ကျူးခြင်းတည်းဟူသော၊
> မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့
> (ကောလောသဲ ၃:၅)။

ဇာတိပကတိအလိုသို့လိုက်ခြင်းသည် မကောင်းသောအမှုဖြစ်သည်ဟု ပေါလုသည် မိစ္ဆာဆရာများနှင့် သဘောတူလက်ခံခဲ့သည်။ ပေါလု၏သွန်သင်ချက်အချို့သည် မိစ္ဆာဆရာများနှင့်ဆင်တူသော်လည်း၊ အပြစ်ကိုရှောင်ရှားနည်းနှင့် အခြားအရာများစွာတို့တွင် မတူညီပါ။ ထို့ပြင် သူတို့၏ပြောဆိုမှုမှ ရယ်စရာကို ထောက်ပြခဲ့သည်။ သာဓကအနေဖြင့်၊ ကောလောသဲမြို့ရှိမိစ္ဆာဆရာများသည် ကောင်းကင်အရာများကို ဆည်းကပ်ကိုးကွယ်ရန် ထင်ရှားစွာတောင်းဆိုကြသော်လည်း၊ သူတို့သည် လောကဆိုင်ရာကိစ္စရပ်များကို အစဉ်အာရုံစိုက်ခြင်းဖြင့် ထိုပန်းတိုင်သို့ရောက်ရန် ကြိုးစားနေသည်ကို ပေါလုထောက်ပြခဲ့သည်။ ကောလောသဲ ၂:၂၁ တွင်မိစ္ဆာဆရာများ၏ညွှန်ကြားချက်များသည် ညွှန်ကြားချက်သက်သက်မျှသာဖြစ်ကြောင်း ပေါလုကဲ့ရဲ့ပုံကိုနားထောင်ပါ_

> မတို့နှင့်၊ မမြည်းနှင့်၊ မကိုင်နှင့် (ကောလောသဲ ၂:၂၁)။

ခြိုးခြံသူတို့သည် ဝိညာဏနယ်ပယ်ကိုညွှန်ပြသည်ဟု ဆိုကြသော်လည်း၊ သူတို့၏သွန်သင်ချက်များသည် အမှန်တကယ်တွင်လောကီရေးရာများကိုသာ အာရုံစိုက်ပါသည်။ ခြိုးခြံသူများသည် ၎င်းတို့၏ ခြိုးခြံခြင်းအလေ့အကျင့်များတွင် လွန်စွာနစ်မွန်းနေသဖြင့်၊ အမှန်တကယ် ကောင်းကင်နှင့်ဝိညာဉ်ရေးဆိုင်ရာအယူအဆများကို အလေးပေးရန်ဂရုမစိုက်နိုင်ခဲ့ကြပေ။ သူတို့၏ပန်းတိုင်သည် ဝိညာဉ်ရေးရာဖြစ်နိုင်သော်လည်း၊ သူတို့၏ကြိုးစားအားထုတ်မှုအားလုံးသည် လောကဆိုင်ရာအရာများပေါ်တွင် အသုံးပြုခဲ့ကြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ယုံကြည်သူများသည် ဝိညာဉ်ရေးသို့ဦးတည်သောအရာများကို

မည်သို့အာရုံစိုက်ပြီး ကြိုးစားနိုင်ပုံကို ပေါလုသည် အထူးသွန်သင်ပေးခဲ့သည်။ လောကပေါ် ရှိ သူတို့၏ အပြစ်များကို ချုပ်ငြိမ်းစေနိုင်သည်ဟု သူသည် အခိုင်အမာပြောကြားခဲ့ပြီး၊ ဤပန်းတိုင်ကို မည်သို့ပြည့်စုံ နိုင်မည်ကိုလည်း ပြောပြခဲ့သည်။ ကောလောသဲ ၃:၉-၁၁ တွင် သူပြောထားသည်ကို နားထောင်ပါ_

> မြေကြီးပေါ်မှာရှိသော သင်တို့၏ကိုယ်အင်္ဂါတို့ကို သေစေကြလော့။...သင်တို့ သည် လူဟောင်း၏အကျင့်တို့နှင့် လူဟောင်း၏ကိုယ်ကို ချွန်ပယ်၍၊ ဖန်ဆင်း တော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင် သောလူသစ်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏ (ကောလောသဲ ၃:၉-၁၁)။

ဤနေရာတွင်၊ ပေါလုသည် ကျင့်ဝတ်ဆိုင်ရာအသက်ရှင်ခြင်း၏ သော့ချက်ကို ဤသို့ရှင်းပြခဲ့ သည်_ ယုံကြည်သူများသည် ခရစ်တော်၌ စည်းလုံးညီညွတ်ကြသည်— ခရစ်တော်သည် "အားလုံးတို့၌ ရှိတော်မူသည်။" ခရစ်တော်နှင့် ဤပေါင်းစည်းမှုကြောင့် ကျွန်ုပ်တို့သည် ဝတ်ရုံ သို့မဟုတ် အဝတ်ကဲ့သို့ "လူဟောင်း"ကိုချွတ်ပယ်ပြီး၊ "အသစ်ဖြစ်သော" "လူသစ်"ကိုဝတ်ဆင်ရမည်ဖြစ်သည်။ ကောလောသဲမြို့ ရှိ မိစ္ဆာဆရာများသည် ယုံကြည်သူများမဟုတ်ကြပါ။ သူတို့၌ ဝတ်ဆင်ရန်လူသစ်မရှိပါ။ သူတို့သည် ဧဝံဂေလိတရားကို မယုံကြည်သောကြောင့်၊ ခရစ်တော်နှင့် စည်းလုံးညီညွတ်မှုမရှိကြပါ။ သူတို့တွင် သဘာဝအသစ်များမရှိကြပါ၊ သူတို့သည် ဘုရားသခင်၏ အသစ်ပြန်လည်မွမ်းမံခြင်းကို မခံရပါ။ ရလဒ် အနေဖြင့်၊ အပြစ်ကိုရှောင်ရှားရန် ကြိုးစားမှုအားလုံးသည် ကျရှုံးခြင်းသို့ရောက်ခဲ့သည်။ သို့ရာတွင် စစ်မှန် သောယုံကြည်သူများသည် ခရစ်တော်၌စည်းလုံးညီညွတ်ကြသောကြောင့်၊ ကျွန်ုပ်တို့သည် ဘုရားသခင် ၏ကျင့်ဝတ်စံနှုန်းများကို နာခံရန်အခွင့်အာဏာရှိသည်။ သို့သော် ပေါလုသည် ဤအယူအဆကို ရပ်တန့် ခြင်းမပြုခဲ့ပေ။ ယင်းအစား၊ ယုံကြည်သူများလူသစ်ကိုဝတ်ဆင်သောအခါ အသက်ရှင်နေထိုင်နိုင်ရန်၊ သူသည် လက်တွေ့ကျသောနည်းလမ်းများဖြင့် ဆက်လက်သွန်သင်ဆုံးမခဲ့သည်။ ကောလောသဲ ၃:၁၂ တွင်တွေ့ရသော သူ၏ညွှန်ကြားချက်များကို နားထောင်ပါ_

> ထို့ကြောင့် သင်တို့သည်ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ ကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းတို့ကို ယူတင်ဝတ်ဆောင်ကြလော့ (ကောလောသဲ ၃:၁၂)။

ယုံကြည်သူများသည် တင်းကျပ်၍အန္တရာယ်ရှိသော မိမိကိုယ်ကို ခြိုးခြံခြင်းအယူဝါဒထက် ကရုဏာ၊ ကြင်နာမှု၊ နှိမ့်ချမှု၊ နူးညံ့သိမ်မွေ့မှုနှင့် သည်းခံခြင်းကဲ့သို့သော ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ် ရေးဆိုင်ရာများကို အလေးပေးခြင်းဖြင့် ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်ခြင်းများတွင် အောင်မြင်နိုင်သည်။ ကျွန်ုပ်တို့သည် မိစ္ဆာဘုရားများ၏စိတ်ဆန္ဒများကို နေရာပေးမည့်အစား၊ ဤဘဝ၏အရေးကိစ္စများကို သာ အာရုံစိုက်သင့်သည်။ ပေါလု၏ကျင့်ဝတ်ဆိုင်ရာအသက်ရှင်ခြင်းနည်းဗျူဟာသည် အလွန်အရေးကြီး သောနည်းလမ်းနှစ်ခုဖြင့် မိစ္ဆာဆရာများထက် သာလွန်သည်။ ဦးစွာ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းအပေါ် မှီခိုအားထားရခြင်းထက်၊ ဘုရားသခင်၏အစွမ်းတန်ခိုးအပေါ် မှီခိုအားထားခြင်းကြောင့် ၎င်းသည်



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိရောက်မှုရှိသည်။ ဒုတိယ၊ လောကဆိုင်ရာကိစ္စရပ်များအပေါ် အာရုံစူးစိုက်ခြင်းထက်၊ ဘုရားသခင်၏ ဝိညာဉ်တော်မှလာသော အပြုသဘောဆောင်သောသီလများ ကို အာရုံစိုက်သောကြောင့် ၎င်းသည် ထိရောက်မှုရှိသည်။ နောက်ဆုံးရလဒ်မှာ ပေါလု၏ နည်းဗျူဟာသည် အလုပ်ဖြစ်ခဲ့သည်။ အပြစ်တရား အတွက် တန်ဖိုးမရှိသော ခြိုးခြံခြင်းကျင့်စဉ်များနှင့် မတူဘဲ၊ ပေါလု၏လမ်းစဉ်သည် ကျင့်ဝတ်ဆိုင်ရာ အသက်ရှင်မှုကို အမှန်တကယ်တတ်နိုင်စေခဲ့သည်။

> ၎င်းသည် ယုံကြည်သူ၏အသက်တာတွင် သန့်ရှင်းသောဝိညာဉ်တော် ကိုးကွယ်ခြင်းဆိုင်ရာ ဓမ္မသစ်ကျမ်း၏ ကြီးမြတ်သောသမ္မာတရားများထဲမှ တစ်ခုဖြစ်သည်။ ဧဝံဂေလိတရားဟူသည်မှာ ကျွန်ုပ်တို့အထဲ၌ရှိသော ခရစ်တော်အကြောင်း၊ ကျွန်ုပ်တို့အထဲ၌ ခရစ်တော်၏အသက်ရှင်ခြင်း အကြောင်းဖြစ်ပြီး၊ ၎င်းအကြောင်းအရာကို ဖော်ပြသောကျမ်းပိုဒ်များထဲမှ ပေါလု၏စိတ်ဝင်စားဖွယ်အကောင်းဆုံး တစ်ပိုဒ်ကိုကျွန်ုပ်တွေ့သည်။ ယုံကြည်သူတွင်ကိန်းဝပ်သော ခရစ်တော်၏ဝိညာဉ်တော်အကြောင်း အခြားအချိန်အခါများတွင်လည်း သူဟောပြောသည်...၎င်းသည် အရာများစွာအပေါ် သက်ရောက်မှုရှိသည်။ ကျွန်ုပ်တို့သည် မည်သည့်အခါမျှ တစ်ယောက်တည်းမဟုတ်ပါ၊ ခရစ်တော်သည် ကျွန်ုပ်တို့နှင့်အတူ အစဉ်အမြဲရှိနေပါသည်။ ကျွန်ုပ်တို့သည် မည်သည့်အခါမျှ လုံးဝခွန်အားမဲ့နေခြင်း မဟုတ်ပါ။ ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်၏တန်ခိုး၊ ကိုယ်တော်၏ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ရှိနေပါသည်။ ကျွန်ုပ်တို့သည် မည်သည့် အခါမျှ ဝိညာဉ်တော်၏အကျိုး မရရှိခြင်းမဟုတ်ပါ—ဝိညာဉ်တော်၏အကျိုး သည် ကျွန်ုပ်တို့အတွင်းမှ ဖြစ်ပေါ်ပါသည်။ အသွင်ပြောင်းလဲခြင်းစွမ်းအားသည် ကျွန်ုပ်တို့အတွင်းတွင်ရှိပြီး၊ ခရစ်ယာန်အသက်တာကို ကြိုးစားအသက်ရှင်ရန် ကျွန်ုပ်တို့၏ကိုယ်ပိုင်အစွမ်းအစကို မှီခိုရန်မလိုပါ။ ခရစ်တော်ပေးသော တူညီသောသန့်ရှင်းသောဝိညာဉ်တော်၏ခွန်အားဖြင့် ၎င်းကိုလုပ်ဆောင်ရန် ကျွန်ုပ်တို့ကိုယ်တိုင်သည် အမှန်တကယ် အရင်းအမြစ်ဖြစ်နိုင်သည်။

**ဒေါက်တာ Peter Walker**

ကောလောသဲယုံကြည်သူများထံရေးသော ပေါလု၏ကျမ်းအား ဤအတိုချုပ်၍ကြည့်ခြင်းအရ၊ ပေါလုသည် မိစ္ဆာဆရာများ၏ရုပ်တုကိုးကွယ်သောလွဲမှားမှုများနှင့် ထိရောက်မှုမရှိသောနည်းလမ်းများ ဖြင့် ဖြောင့်မတ်ခြင်းနောက်လိုက်ခြင်းကို ဖြေရှင်းရန်အတွက် သူ၏ကျမ်းကို ပုံစံပြုထားသည်ကို ကျွန်ုပ် တို့တွေ့နိုင်သည်။ ဆန့်ကျင်ဘက်အားဖြင့်၊ ပေါလုသည် ကောလောသဲယုံကြည်သူများကို ကောင်းချီး မင်္ဂလာနှင့် တိုက်တွန်းအားပေးကာ၊ ခရစ်ယာန်ဘာသာ၏သာလွန်မြင့်မြတ်မှုကို ဟောပြောခဲ့သည်။ သူသည် ခရစ်တော်ကို သခင်နှင့်ရှင်ဘုရင်အဖြစ် ခုခံကာကွယ်ခဲ့ပြီး၊ ခရစ်တော်၏အမှုတော်ဆောင်များ၏



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သာလွန်မြင့်မြတ်မှုကို ထောက်ခံခဲ့သည်။ သူသည် တုနှိုင်းမယှဉ်နိုင်သော ခရစ်တော်၌ကယ်တင်ခြင်း၏ တန်ဖိုးကိုဟောပြောခဲ့ပြီး၊ ခရစ်ယာန်အသက်တာအားဖြင့် အပြစ်အပေါ်အောင်ပွဲခံရန်လည်း သွန်သင်ခဲ့ သည်။ မိစ္ဆာဆရာများကတိပြုထားသည့်အချက်တိုင်းများကို ခရစ်တော်သာလျှင် ပေးဆောင်နိုင်သည်ဟု သူရှင်းလင်းစွာပြောခဲ့သည်။

ကောလောသဲဩဝါဒစာ၏နောက်ခံသမိုင်းကြောင်း၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို လေ့လာပြီးနောက်၊ တတိယအကြောင်းအရာဖြစ်သည့် ကောလောသဲဩဝါဒစာအပေါ် မျက်မှောက် ခေတ်ကျင့်သုံးခြင်းကို ယခုအာရုံစိုက်သင့်သည်။ မျက်မှောက်ခေတ်ခရစ်ယာန်များအနေနှင့် ကောလောသဲ ယုံကြည်သူများကို ပေါလုသွန်သင်ခဲ့သည့်အရာကို ကျွန်ုပ်တို့၏အသက်တာတွင် မည်သို့ကျင့်သုံးသင့်သ နည်း။

# မျက်မှောက်ခေတ်ကျင့်သုံးမှု

ပေါလု၏သွန်သင်ချက်ကို ကျွန်ုပ်တို့၏မျက်မှောက်ခေတ်အသက်တာတွင် မှန်ကန်စွာကျင့်သုံးနိုင် သည့်နည်းလမ်းများစွာရှိသော်လည်း၊ ကောလောသဲဩဝါဒစာတွင် ပေါလုကိုယ်တိုင်အလေးပေးဖော်ပြခဲ့ သည့် ကျင့်သုံးခြင်းနှစ်မျိုးကိုဖော်ပြပါမည်။ ဦးစွာ၊ ခရစ်တော်တစ်ပါးတည်းအပေါ် သစ္စာစောင့်သိရန်လို အပ်ကြောင်းကို သုံးသပ်ပါမည်။ ဒုတိယ၊ နေ့စဉ်နေ့တိုင်း ဝိညာဉ်ရေးရာများအပေါ် အာရုံစိုက်ခြင်း၏ တန်ဖိုးကို ကြည့်ပါမည်။ ခရစ်တော်တစ်ပါးတည်းအပေါ် သစ္စာစောင့်သိရန်လိုအပ်ချက်ကို ကြည့်ခြင်းဖြင့် စတင်ကြပါစို့။

## ခရစ်တော်အပေါ်သစ္စာစောင့်သိခြင်း

ကောလောသဲအသင်းတော်တွင်၊ မိစ္ဆာဆရာများသည် ယုံကြည်သူများအား ခရစ်တော်အား ဝတ်ပြုကိုးကွယ်ခြင်းနှင့် အခြားသောဝိညာဉ်ရေးစွမ်းအားများကိုကိုးကွယ်ခြင်းအား ရောနှောရန် တိုက်တွန်းအားပေးသည်။ ဤအခြားသောဝိညာဉ်ရေးစွမ်းအားများကို နတ်ဆိုးများအဖြစ် မတင်ပြသော် လည်း၊ ၎င်းတို့တွင် အမှန်တကယ်ရှိသည့်အစွမ်းတန်ခိုး၊ ၎င်းတို့ကိုကိုးကွယ်သူများ အမှန်တကယ်ရရှိ သည့် အကျိုးကျေးဇူးများသည် နတ်ဆိုးထံမှဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့မြင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ဤအစွမ်းတန်ခိုးများသည် နတ်ဆိုးများဖြစ်စေ သို့မဟုတ် ကောင်းကင်တမန်များဖြစ်စေ ကောလောသဲ ယုံကြည်သူများသည် ၎င်းတို့အား မကြည်ညိုသင့်ပါ။

ဝမ်းနည်းစရာမှာ၊ ပထမရာစု၏လူမှုရေးရာအခြေအနေသည် ကောလောသဲယုံကြည်သူများ အတွက် ခရစ်တော်၏သာလွန်မြင့်မြတ်မှုကို အခြားစွမ်းအားအားလုံးထက် အသိအမှတ်ပြုရန်ခက်ခဲစေ သည်။ ပထမရာစုအတွင်း ရောမအင်ပါယာတွင် ဘုရားအများကိုးကွယ်ခြင်းဝါဒpolytheism အလွန်

ထင်ရှားခဲ့သည်။ ဆိုလိုသည်မှာ၊ လူအများစုသည် နတ်ဘုရားများနှင့် ဝိညာဉ်ရေးဆိုင်ရာ တန်ခိုးများစွာရှိကြောင်းကိုယုံကြည်ကြသည်။ မြို့ ရွာအများစုသည် နတ်ဘုရားများတည်ရှိခြင်းကို တရားဝင်အသိအမှတ်ပြုပြီး၊ နတ်ဘုရားများကိုကိုးကွယ်ခြင်းအား မြှင့်တင်ကြသည်။ ဤအချိန်တွင် ရောမအင်ပါယာအတွင်းရှိ လူအများစုအတွက်၊ Zeus ကဲ့သို့ထင်ရှားသော နတ်ဘုရားများကိုကိုးကွယ်ခြင်းသာမက၊ အခြားဒေသခံနတ်ဘုရားများနှင့် အိမ်တွင်းနတ်ဘုရားများကို ကိုးကွယ်ခြင်းသည် ပုံမှန်ဖြစ်သည်။ ထို့ကြောင့် ကနဦးခရစ်ယာန်များသည် အခြားနတ်ဘုရားများကို ဝတ်ပြုကိုးကွယ်ရန် အားပေးအားမြှောက်ပြုသော လူမှုရေးဆိုင်ရာ ဖိအားများစွာရှိခဲ့သည်။

အမှန်တကယ်တွင်၊ ပထမရာစုအတွင်း ခရစ်ယာန်များသည် လူ့အဖွဲ့အစည်း၏နတ်ဘုရားများကို ကိုးကွယ်ရန်နှင့်အသိအမှတ်ပြုရန် ငြင်းဆိုခဲ့သည့်အတွက်ကြောင့် ရောမအင်ပါယာသည် ခရစ်ယာန်များကို စတင်နှိပ်စက်ညှဉ်းပန်းခဲ့ခြင်းဖြစ်သည်။ အထူးသဖြင့် မိုးခေါင်ခြင်း၊ အနာရောဂါနှင့် စီးပွားရေးအခြေအနေဆိုးများ အင်ပါယာသို့ရောက်လာသောအခါ၊ ခရစ်ယာန်များသည် နတ်ဘုရားများကို စိတ်ဆိုးစေသည့်အတွက်ကြောင့်ဟု စွပ်စွဲခံရလေ့ရှိသည်။ ယခုအခါ၊ နေရာအများစုတွင် ရောမအာဏာပိုင်များသည် ခရစ်ယာန်များအား ခရစ်တော်ကိုကိုးကွယ်ခြင်းကို ရပ်တန့်ရန် တောင်းဆိုခြင်းမပြုဘဲ—နောက်ထပ်နတ်ဘုရားတစ်ဆူသည် ပိုမိုအကာအကွယ်ပေးသည်—ရောမနတ်ဘုရားများကိုလည်း ကိုးကွယ်ရန်သာ တောင်းဆိုခဲ့သည်။ ပထမရာစုရောမအမြင်အရ၊ နတ်ဘုရားများစွာကို ကိုးကွယ်ခြင်းသည် ပညာရှိခြင်းဖြစ်သည်။ သို့သော် ခရစ်တော်သည် သီးသန့်သစ္စာစောင့်သိမှုနှင့် ကိုးကွယ်မှုကို တောင်းဆိုခဲ့သည်။ ယောကျ်ားမိန်းမတို့သည် ခရစ်တော်ကိုဝတ်ပြုကိုးကွယ်သောအခါ၊ အခြားမည်သည့်အရာကိုမျှ ကိုးကွယ်၍မရပါ။ ထို့ကြောင့် ရှင်ပေါလုသည်ကောလောသဲယုံကြည်သူများအား ခရစ်တော်အပေါ် ၎င်းတို့၏ သီးသန့်ဝန်ခံခြင်းတွင် တည်ကြည်မြဲမြံနေရန် အခိုင်အမာပြောဆိုခဲ့သည်။ ကောလောသဲ ၁း၂၂-၂၃ တွင် ရေးထားသည်မှာ_

> အကြောင်းမူကား၊ ကောင်းကင်အောက်၌ ရှိသမျှသော ဝေနေယျသတ္တဝါတို့အားဟောပြောသဖြင့်၊ သင်တို့သည် ကိုယ်တိုင်ကြားရပြီးသော ဧဝံဂေလိတရား၏မြော်လင့်ခြင်းမှ မရွေ့လျော့ဘဲ၊ တိုက်မြစ်ကျခြင်း၊ တည်ကြည်ခြင်းနှင့်တကွ မြဲမြံစွာယုံကြည်ကြလျှင်၊ သန့်ရှင်းစင်ကြယ်လျက် အပြစ်တင်ခွင့်နှင့် ကင်းလွတ်လျက်ရှိသောသင်တို့ကို ရှေ့တော်၌ဆက်သမည် အကြောင်းတည်း (ကောလောသဲ ၁း၂၂-၂၃)။

အကယ်၍ကျွန်ုပ်တို့သည် ခရစ်တော်အပေါ်သစ္စာမစောင့်လျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အမှန်တကယ် ပြန်လည်သင့်မြတ်ခြင်းမရှိခဲ့ကြောင်း သက်သေပြပါသည်။ အကယ်၍ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းမရှိခဲ့ပါက၊ ဧဝံဂေလိတရား၌ပါဝင်သောမျှော်လင့်ချက်တွင် မျှဝေခံစားခြင်းမရှိပါ။ ရိုးရှင်းစွာပြောရလျှင်၊ ဖန်ဆင်းခြင်း၏အမြင့်မြတ်ဆုံးဘုရင်အဖြစ် ခရစ်တော်အပေါ် အပြည့်အဝသစ္စာမစောင့်ပါက၊ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံစားရမည်မဟုတ်ပါ။ ခရစ်တော်အပေါ် ဤသို့သစ္စာစောင့်သိမှုမျိုးသည် အလွန်အရေးကြီးပါသည်။

မျက်မှောက်ခေတ်လောကသည်လည်း မတူညီသောနတ်ဘုရားများစွာကို ကိုးကွယ်ရန်တင်ပြခြင်းဖြင့် ခရစ်တော်အပေါ်ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို စိန်ခေါ်နေပါသည်။ ဘုရားအများကိုးကွယ်ခြင်းဝါဒ Polytheism ကိုတရုတ်နိုင်ငံ၏ရှေးရိုးဘာသာတရားသုံးခုအနက်မှတစ်ခုဖြစ်သည့် Taoism ဘာသာ၊ အိန္ဒိယ၏ကြီးမားသောဘာသာဖြစ်သည့် ဟိန္ဒူဘာသာနှင့် ဂျပန်နိုင်ငံ၏ ရိုးရာဘာသာတရားဖြစ်သည့် ရှင်တိုဘာသာ ကဲ့သို့သော အရှေ့တိုင်းဘာသာတရားများတွင် တွေ့ရှိနိုင်သည်။။ အနောက်ကမ္ဘာတွင်၊ စာတန်အယူဝါဒနှင့် စုန်းအတတ်များကဲ့သို့သော "ဝိညာဉ်ဆိုင်ရာ"ပုံစံများစွာကို ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ အရှေ့တိုင်းရိုးရာဘာသာတရားများသည် သာမာန်ဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် မျက်မှောက်ခေတ်လူ့အဖွဲ့အစည်းများတွင်၊ ခရစ်ယာန်များသည် ဘုရားသခင်နှင့် ခရစ်တော်အပေါ်ယုံကြည်သည့် ယုံကြည်ချက်အားလုံးကို စွန့်လွှတ်ရန်၊ ဘုရားမဲ့ဝါဒ၏ဖိအားပေးခြင်းကို ခံရလေ့ရှိသည်။ သိပ္ပံပညာ၏စိစစ်မှုကို မခံယူနိုင်သော ရှေးကမ္ဘာဦးနှင့် ရိုင်းစိုင်းသောဘာသာအဖြစ် ခရစ်ယာန်ဘာသာကို မကြာခဏလှောင်ပြောင်လေ့ရှိသည်။ အထူးသဖြင့် ပညာတတ်များကြားထဲ၌ဖြစ်ပါသည်။

အခြားကိစ္စများတွင်၊ မျက်မှောက်ခေတ်လူ့အဖွဲ့အစည်း၏ အတွေးအခေါ်ဆိုင်ရာနိုင်းယှဉ်ကျေးမှုဝါဒသည် ဘာသာရေးဆိုင်ရာသည်းခံမှုကို ကြီးမားစွာတွန်းအားပေးသည်။ ရလဒ်အနေဖြင့်၊ သမ္မာတရားနှင့် ကယ်တင်ခြင်းဆိုင်ရာ သီးသန့်ပြောဆိုမှုအားလုံးကို ရှုတ်ချသည်။ ခရစ်ယာန်များသည် မောက်မာကာ၊ ချုပ်ချယ်သည်ဟု မကြာခဏစွပ်စွဲခံရပြီး၊ ခရစ်ယာန်ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ မိမိ၏ဘာသာရေးလမ်းကြောင်းကို လူတိုင်းရှာဖွေရန် လူ့အဖွဲ့အစည်း၏အားပေးတိုက်တွန်းသည့် ဖိအားများခံစားရသည်။ သို့သော် ဖိအားများအားလုံးသည် အသင်းတော်ပြင်ပမှလာခြင်းမဟုတ်ပါ။ ဥပမာအားဖြင့်၊ သမ္မာကျမ်းစာ၏အခွင့်အာဏာကိုဝန်ခံခြင်းမှ စွန့်ခွာခဲ့သောအသင်းတော်များတွင်၊ ယခုအခါ"ဉာဏ်ပညာ" သို့မဟုတ် နတ်ဘုရားမဟု သတ်မှတ်ခံရသောဆိုဖီယာအား ချီးမွမ်းကိုးကွယ်ကြသည်။ ဘာသာတရားအားလုံးသည်—ခရစ်တော်ကိုငြင်းပယ်သော ဘာသာတရားများပင်လျှင် ကယ်တင်ခြင်းသို့ပို့ဆောင်သည့် မှန်သောလမ်းများဖြစ်ကြောင်း အခိုင်အမာပြောဆိုသော ဆရာသမားများနှင့် ခရစ်ယာန်ဟုဆိုသူများကို တွေ့ရခြင်းသည် ဖြစ်ရိုးဖြစ်စဉ်တစ်ခုဖြစ်သည်။

အမှန်တကယ်တွင် ယနေ့ကျွန်ုပ်တို့၏အခြေအနေများသည် ပထမရာစု ကောလောသဲမြို့ရှိ အခြေအနေများနှင့် အလွန်ကွာခြားသည်မဟုတ်ပါ။ ခရစ်တော်အပေါ် ကျွန်ုပ်တို့၏သီးသန့်သစ္စာစောင့်သိမှုကို အပေးအယူပြုလုပ်ရန် တစ်နည်းမဟုတ်တစ်နည်းအားဖြင့် ဖိအားများခံစားရဖွယ်ရှိသည်။ ၎င်းမှာ အခြားဘာသာတရားများနှင့် နတ်ဘုရားများ၏တရားဝင်မှုကို လက်ခံရန် သို့မဟုတ် ဤအခြားယုံကြည်ချက်များ၏သွန်သင်ချက်များကို ခရစ်ယာန်ယုံကြည်ခြင်း၏သွန်သင်ချက်များနှင့် ရောနှောရန် ဖိအားများဖြစ်နိုင်သည်။ ဤဖိအားများသည် ကျွန်ုပ်တို့၏အစိုးရ၊ တက္ကသိုလ်များနှင့် ကျောင်းများမှ၊ ကျွန်ုပ်တို့၏အိမ်နီးချင်းများနှင့် မိတ်ဆွေများ၊ မိသားစုများမှ သို့မဟုတ် တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့၏အသင်းတော်ခေါင်းဆောင်များထံမှ လာနိုင်သည်။ သို့သော် ပေါလု၏ ကောလောသဲသြဝါဒစာတွင် သခင်ယေရှုဟောပြောပြီး ပေါလုသွန်သင်ခဲ့သော စစ်မှန်သောခရစ်ယာန်ယုံကြည်ခြင်းသည် ခရစ်တော်အပေါ် ကျွန်ုပ်တို့၏သီးသန့်ဝတ်ပြုကိုးကွယ်မှု၌ ခိုင်ခံ့ရပ်တည်ရန်လိုအပ်ကြောင်း ရှင်းလင်းစွာဖော်ပြသည်။ ကမ္ဘာကြီးသည်ကျွန်ုပ်တို့ကို အန္တရာယ်ပြုခြိမ်းခြောက်နေချိန်၌ပင် ခရစ်တော်သာလျှင် ကိုးကွယ်ထိုက်သူဖြစ်ပြီး

ထာဝရကယ်တင်တော်မူခြင်းကို ကိုယ်တော်သာပေးသည်ဟု ကျွန်ုပ်တို့အခိုင်အမာဆိုရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်တစ်ပါးတည်းအပေါ် သစ္စာစောင့်သိမှု၌ တည်ကြည်နေရမည်ဖြစ်သည်။

ခရစ်တော်တစ်ပါးတည်းအပေါ် သစ္စာစောင့်သိခြင်းအပြင်၊ ကောလောသဲဩဝါဒစာသည်လည်း မျက်မှောက်ခေတ်ကျင့်သုံးခြင်း၏ဒုတိယအမျိုးအစားဖြစ်သည့်_ကျွန်ုပ်တို့အသက်တာ၏နေ့စဉ်ဝိညာဉ် ရေးဆိုင်ရာကိစ္စရပ်များကိုအာရုံစိုက်ခြင်း၏တန်ဖိုးကို ဖော်ပြထားသည်။ လောကဆိုင်ရာကိစ္စရပ်များကို အာရုံစိုက်ခြင်းသည် တန်ဖိုးအနည်းငယ်ရှိသော်လည်း၊ ကောင်းကင်ဆိုင်ရာ၊ ဝိညာဉ်ရေးရာကိစ္စရပ်များကို ခရစ်ယာန်အသက်တာ၌စိတ်နှလုံးဖြင့် ချဉ်းကပ်သောအခါတွင် အလွန်အကျိုးများပါသည်။

## ဝိညာဉ်ရေးရာအာရုံစူးစိုက်ခြင်း

ခရစ်တော်ကို ကျွန်ုပ်တို့ယုံကြည်သောအခါ၊ အံ့ဖွယ်အမှုတစ်ခု ဖြစ်ပေါ်လာသည်။ ဘုရားသခင့် ဝိညာဉ်တော်၏အမှုတော်အားဖြင့်၊ ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်များသည် ကျွန်ုပ်တို့အတွင်း၌အသစ် ပြန်လည် ရှင်သန်ခဲ့သည်။ ကျွန်ုပ်တို့သည် မယုံကြည်မီတွင်၊ အတွင်း၌သေဆုံးခဲ့ကြပြီး၊ ဘုရားသခင်အား အပြုသဘောတုံ့ပြန်နိုင်ခြင်း မရှိပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပြစ်မှားပြီး ကိုယ်တော်၏တရားစီရင် ခြင်းကို ခံထိုက်သောကြောင့်သာမက၊ ကိုယ်တော်ကို နာခံမည်မဟုတ်သောကြောင့် ဘုရားသခင်၏ရန်သူ ဖြစ်ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့ကို လွန်စွာချစ်တော်မူသောကြောင့် သူ၏ရန်သူအ ဖြစ် ကျွန်ုပ်တို့ဆက်ရှိနေမည်ကို ငြင်းဆိုခဲ့ပြီး၊ ကျွန်ုပ်တို့၏ဝိညာဉ်များကို ပြန်လည်အသစ်ဖြစ်စေရန် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်တော်မူခဲ့သည်။ ကျွန်ုပ်တို့သည် ဤဘဝတွင် ပြီးပြည့်စုံခြင်းသို့ မည်သည့်အခါမှ မရောက်နိုင်သော်လည်း၊ ကမ္ဘာမြေကြီးပေါ် ရှိ ကျွန်ုပ်တို့၏ဘဝတစ်လျှောက်လုံး အတွင်းပိုင်းပြန်လည်ဆန်းသစ်မှုလုပ်ငန်းစဉ် အမြဲရှိနေပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ် အတွက် အကြိမ်ကြိမ်နောင်တရပြီး၊ သခင်ဘုရားထံ အကြိမ်ကြိမ်နာခံပါသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ ကယ်တင်ခြင်းသည် ကျွန်ုပ်တို့၏လောကဆိုင်ရာလိုက်စားမှုများပေါ်တွင်မူတည်သည်မဟုတ်ဘဲ၊ ကျွန်ုပ် တို့၏အသစ်ပြုပြင်သောဝိညာဉ်များ၏ဝိညာဉ်ရေးအမှန်တရားများနှင့် ခရစ်တော်နှင့်ကျွန်ုပ်တို့၏ပေါင်း စည်းမှုအပေါ်တွင်မူတည်ပါသည်။ ထို့အတွက်ကြောင့်၊ လောကဆိုင်ရာကိစ္စရပ်များကို အနည်းငယ်သာ အာရုံစိုက်ရန်နှင့် ဝိညာဉ်ရေးဆိုင်ရာအရာများကို ပိုမိုအာရုံစိုက်ရန် ကောလောသဲယုံကြည်သူများအား ပေါလု၏တိုက်တွန်းချက်သည် ယနေ့ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သည်။

> ပေါလု၏ကောင်းကင်အရာများကို အာရုံစိုက်ရန် အသင်းတော်အား စေခိုင်းခြင်း နည်းလမ်းသည် သူရေးသောစာတွင်တွေ့ရသော ထူးခြားသောအကူးအပြောင်း တစ်ခုနှင့် ဆက်စပ်နေပါသည်။ ကောလောသဲအသင်းတော်သို့ သူရေးသည့်ပုံစံကို ကြည့်မည်ဆိုလျှင်၊ သူသည် သူတို့ကိုဦးစွာနှုတ်ဆက်ပြီး သူတို့ပတ်ဝန်းကျင်တွင် ရှိနေသည့်အရာများဖြစ်သည့် အတွေးအခေါ်များ၊ ဘာသာရေးလုပ်ရိုးလုပ်စဉ်များ ကို ဖော်ပြကာ၊ ၎င်းတို့ကို ခရစ်တော်ပြုခဲ့သောအရာများ၊ ပြီးမြောက်ခဲ့သော အရာများနှင့် ချိတ်ဆက်ပေးသည်။ အရာခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူသော

အရှင်၊ ခရစ်တော်ကို အာရုံပြုခြင်းအားဖြင့်၊ ယခု ဤဘဝသစ်၌အသက်ရှင်
နေထိုင်ရန် သူသည် သူတို့ကိုတိုက်တွန်းအားပေးတော်မူသည်။ သူတို့၏
ရရှိလာသည့်ဤဘဝသစ်သည် ကိုယ်တော်ကိုကြည့်ပါသည်။ တစ်နည်းဆိုရသော်၊
သင်၏မျက်လုံးများသည် ခရစ်တော်ကိုစေ့စေ့ကြည့်ပါက၊ ဤဘဝသစ်တွင်
လျှောက်လှမ်းရန် သင်သည်တိုက်တွန်းအားပေးခြင်း ခံရမည်ဖြစ်သည်။
အကြောင်းမှာ ကျွန်ုပ်တို့အားလုံးအနာဂတ်တွင်ရရှိမည့် အနာဂတ်ဘုန်းတော်၊
အနာဂတ်နေရာရှိသောကြောင့် ဖြစ်သည်။

**— Pastor Johnson Oni**

ဓမ္မပညာရှင်များသည် မယုံကြည်သူများကို "ဒုတိယမွေးဖွားခြင်းမရှိသူများ"အဖြစ် မကြာခဏ ဖော်ပြကြသည်။ ဆန့်ကျင်ဘက်အားဖြင့်၊ "ဒုတိယမွေးဖွားခြင်း"ဟူသောအသုံးအနှုန်းသည် ယုံကြည်သူများနှင့် သက်ဆိုင်ပါသည်။ ဤအသုံးအနှုန်းများသည် လူတစ်ဦးစီ၏စိတ်ဝိညာဉ် သို့မဟုတ် အသက်ဝိညာဉ်၏အခြေအနေကိုဖော်ပြသည်။ ဒုတိယမွေးဖွားမှုမရှိခြင်းသည် ဝိညာဉ်ရေးအရသေဆုံးခြင်းဖြစ်ပြီး၊ ဒုတိယမွေးဖွားမှုရှိခြင်းသည် ဝိညာဉ်ရေးအရအသက်ရှင်ခြင်းဖြစ်သည်။ ဒုတိယမွေးဖွားခြင်းမရှိသူများသည် အပြစ်ကြောင့် ဘုရားသခင်၏တရားစီရင်ခြင်းအောက်တွင် ရှိနေကြသည်။ ထို့အပြင်၊ ၎င်းတို့တွင် ကိုယ်ကျင့်တရားဆိုင်ရာစွမ်းရည်မရှိကြပါ၊ ဆိုလိုသည်မှာ ဘုရားသခင်သည် ကိုယ်ကျင့်တရားအရ စင်ကြယ်သည်ဟု မှတ်ယူထားသည့်အရာများကို သူတို့မလုပ်ဆောင်နိုင်ကြပါ။ လိုရင်းပြောရလျှင်၊ ဒုတိယမွေးဖွားခြင်းမရှိသူများသည် ကယ်တင်ခြင်းမခံရသူများဖြစ်ပြီး၊ သူတို့ကိုယ်သူတို့ မကယ်တင်နိုင်ပါ။

သို့သော်၊ ကောလောသဲသြဝါဒစာတွင် ပေါလုအလေးပေးဖော်ပြခဲ့သည့်အတိုင်း၊ ဒုတိယမွေးဖွားခြင်းရှိသူများအားလုံး၏အသက်တာတွင် ဘုရားသခင်သည် ကြားဝင်ဆောင်ရွက်ပေးသည်။ ဝိညာဉ်တော်၏တန်ခိုးအားဖြင့်၊ ဘုရားသခင့်ပညတ်တော်များ၏တောင်းဆိုချက်နှင့်အညီ ၎င်းတို့၏အပြစ်အတွက် အသေခံခဲ့သောခရစ်တော်၌ စည်းလုံးညီညွတ်သောကြောင့် သူတို့သည်ခွင့်လွှတ်ခြင်းခံရသည်။ ထို့အပြင်၊ သူတို့၏ဝိညာဉ်များသည်အသစ်ပြုပြင်ကာ၊ ဘုရားသခင်ကိုနာခံ*နိုင်စေရန်* ကျင့်ဝတ်ဆိုင်ရာစွမ်းရည်များနှင့် ဘုရားသခင်ကို *နာခံလိုသော* ကျင့်ဝတ်ဆိုင်ရာစိတ်ဆန္ဒကို ပေးပါသည်။ ကျွန်ုပ်တို့၏ကယ်တင်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်ပေါ်စေသော အတွင်းစိတ်ဝိညာဉ်ပြောင်းလဲမှုအပေါ် မည်မျှမူတည်သည်ကို ခန့်မှန်းရန်မဖြစ်နိုင်ပါ။ ဒုတိယမွေးဖွားခြင်းသည် ကျွန်ုပ်တို့ကို လူသစ်ဖြစ်စေသည်။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံရသည်သာမက၊ အသွင်ပြောင်းလဲခြင်းလည်း ခံရသည်။ ရှင်ပေါလုသည် ကောလောသဲ ၂:၁၃ တွင် စစ်မှန်သောယုံကြည်သူများအတွင်း ဖြစ်ပျက်ခဲ့သောပြောင်းလဲမှုကို ဖော်ပြခဲ့သည်–

မှောင်မိုက်တန်ခိုးမှလည်း ငါတို့ကိုနှုတ်၍၊ ချစ်တော်မူသော
သားတော်၏နိုင်ငံထဲသို့ သွင်းတော်မူ၏ (ကောလောသဲ ၂:၁၃)။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့သည် တစ်ချိန်ကကျွန်ုပ်တို့၏အပြစ်များထဲတွင် သေဆုံးခဲ့ပြီး၊ ဘုရားသခင်၏တရားစီရင်ခြင်းအောက်တွင်ရှိခဲ့သည်ဟု ဆိုလိုသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အားအသက်ရှင်စေပြီး ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ခဲ့သည်။ ကျွန်ုပ်တို့သည် တစ်ချိန်က စစ်မှန်သောကိုယ်ကျင့်တရားဆိုင်ရာစွမ်းရည် သို့မဟုတ် ကိုယ်ကျင့်တရားဆိုင်ရာဆန္ဒမရှိခြင်းအရာ၌ သေဆုံးနေခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့အားအသက်ရှင်စေခဲ့သည်။ ရလဒ်အနေဖြင့်၊ ယခုကျွန်ုပ်တို့သည် ကောင်းသောအမှုကိုပြုလိုသည့်ဆန္ဒနှင့် ကောင်းသောအကျင့်ကို ကျင့်နိုင်သောစွမ်းရည်ကို ရရှိခဲ့သည်။ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးအရသေဆုံးခဲ့စဉ်အခါ—ဒုတိယအကြိမ်မွေးဖွားပြီး ဘုရင်ခရစ်တော်ထံ စည်းလုံးညီညွတ်မှုမရှိမီ—ဝိညာဉ်ရေးဆိုင်ရာအရာများ သို့မဟုတ် "အထက်အရာများ"ကိုအာရုံစိုက်ခြင်းနှင့် ထိုအရာများကို ကျွန်ုပ်တို့အလိုရှိလျှင်ပင် ကျွန်ုပ်တို့အတွက်အသုံးမဝင်ပါ။ သို့သော် ယခုကျွန်ုပ်တို့သည် ဒုတိယအကြိမ်မွေးဖွားသောအခါ၊ ဘဝသစ်တွင် ဦးတည်ချက်အသစ်၌အာရုံစိုက်ရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။ ကျွန်ုပ်တို့၏စိတ်ဝိညာဉ်များသည် အသစ်ပြုပြင်ခြင်းခံရသည်။ ယခု ကျွန်ုပ်တို့အတွက် အကျိုးအရှိဆုံးအရာသည် လောကဆိုင်ရာကိစ္စရပ်များကိုအာရုံစိုက်ခြင်းမှ ကောင်းကင်ဆိုင်ရာကိစ္စရပ်များတွင် မွေ့လျော်ခြင်းဖြစ်သည်ကို အသိအမှတ်ပြုပါသည်။ ထို့ကြောင့် ပေါလုသည် ကောလောသဲ ၃:၁-၂ တွင် ကောလောသဲယုံကြည်သူများကို ဤသို့တိုက်တွန်းခဲ့သည်_

> အထက်ဆိုခဲ့ပြီးသည်အတိုင်း၊ သင်တို့သည် ခရစ်တော်နှင့်အတူ
> ထမြောက်ကြသည်မှန်လျှင်၊ ဘုရားသခင်၏လက်ျာတော်ဘက်မှာ
> ခရစ်တော်သည် ထိုင်နေတော်မူရာအရပ်၌ရှိသော အထက်အရာတို့ကို
> ရှာကြလော့။ မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။
> အထက်အရာတို့ကိုသာစိတ်စွဲလမ်းခြင်း ရှိကြလော့ (ကောလောသဲ ၃:၁-၂)။

ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အထက်အရပ်တွင်ရှိနေသောကြောင့်၊ ကောင်းကင်ဘုံနှင့်ဆိုင်သောအရာများအပေါ် ကျွန်ုပ်တို့၏စိတ်များကို အာရုံစိုက်သင့်သည်။ ခရစ်တော်သည် စကြဝဠာအပေါ် စစ်မှန်သောအာဏာစက်ရှိသည်ကို ယခုကျွန်ုပ်တို့ သိရှိကြသည်။ အရာခပ်သိမ်းကို ကိုယ်တော်မည်ကဲ့သို့ ထိန်းချုပ်ထားသည်ကို ကျွန်ုပ်တို့သိသည်။ ကိုယ်တော်သည် ကောင်းကြီးမင်္ဂလာတိုင်း၏ အရင်းအမြစ်ဖြစ်သည်ကို ကျွန်ုပ်တို့သိသည်။ ဤအသိပညာသည် ကျွန်ုပ်တို့ဘဝအတွက် နေ့စဉ်ခွန်အားကို ရရှိသည့်နေရာအဖြစ် ပြောင်းလဲခဲ့သည်။

ယခု၊ မြေကြီးပေါ်မှာရှိသောအရာတို့ကို စွဲလမ်းသောစိတ်မရှိကြနှင့်။ အထက်အရာတို့ကိုသာစိတ်စွဲလမ်းခြင်း ရှိကြလော့ဟု ပေါလုပြောသောအခါ၊ ကျွန်ုပ်တို့သည် ကောင်းကင်အရာသို့ အနှောက်အယှက်ကင်းစွာလိုက်နိုင်ရန် သာမန်လူ့ဘဝကိုစွန့်ပယ်သင့်သည်ဟု ခရစ်ယာန်များတစ်ချိန်က လွဲမှားစွာထင်မြင်ခဲ့ကြသည်။ ဥပမာအားဖြင့်၊ အချို့သော အလယ်ခေတ်ခြိုးခြံသူများသည် ရသေ့များအဖြစ် လူ့အဖွဲ့အစည်းများနှင့်ဝေးရာတောထွက်ကာ နေထိုင်ကြသည်။ အချို့သည် ဂူအတွင်း သို့မဟုတ် တဲများ၌ အချိန်ကြာမြင့်စွာ နေထိုင်ကြသည်။ အခြားသူများသည် မိမိကိုယ်ကို ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများပင် ဖြစ်စေကြသည်။ ဝိညာဉ်ရေးကြီးထွားရန် အကောင်းဆုံးနည်းလမ်းသည် ရုပ်လောက၏လွှမ်းမိုးမှုမှ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လွတ်မြောက်ရန်ဖြစ်သည်ဟု စိတ်အားထက်သန်စွာ သူတို့ယုံကြည်ကြသည်။ ဒါပေမယ့် သူတို့များသည်။ အမှန်တကယ်တွင်၊ အချို့ကဏ္ဍများတွင် ကောလောသဲမြို့ရှိမိစ္ဆာဆရာများ ကျူးလွန်ခဲ့သည့် အလားတူ အမှားများကို သူတို့ကျူးလွန်ခဲ့ကြသည်။ Tuskegee University ဟု ယခုခေါ်သောကျောင်းကို တည်ထောင်သူ နာမည်ကျော်ဆရာကြီး Booker T. Washington သည် အောက်ပါ အမေရိကန်စကားပုံ ရေးသားသူအဖြစ် ဂုဏ်ပြုခံရသည်_

> လူတစ်ဦးသည် မြောင်းထဲမဆင်းဘဲ အခြားတစ်ဦးနှင့်မြောင်းထဲအတူ မရှိနေနိုင်ပါ။

ဝါရှင်တန်သည် ခရစ်ယာန်များ၏အတွင်းစိတ်အခြေအနေများအကြောင်း ပေါလုသွန်သင်ခဲ့သည့် လူသားဆက်ဆံရေးကို နည်းလမ်းများစွာဖြင့်ကျင့်သုံးခဲ့သည်။ ဆိုလိုသည်မှာ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စွမ်းအင်ရှိသမျှနှင့် အပြစ်ဆန္ဒများကိုချုပ်ထိန်းရန် ကြိုးစားပါက၊ ကျွန်ုပ်တို့သည် အပြစ်ရှိသော အလိုဆန္ဒများကို အာရုံစိုက်နေဆဲဖြစ်သည်။ ပေါလုသည် ယုံကြည်သူများအား ၎င်းတို့၏သွေးသားအပြစ်များကို အသေသတ်ရန် တိုက်တွန်းအားပေးခဲ့သည်။ သို့သော် ပေါလု၏အဓိပ္ပါယ်မှာ လောကဆိုင်ရာကိစ္စရပ်များအတွက် ချဉ်းကပ်မှုအသစ်ကိုအသုံးပြုရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ မြေကြီးဆိုင်ရာကိစ္စရပ်များကို အာရုံစိုက်ခြင်းမှ ဝိညာဉ်ရေးခွန်အားနှင့် စွမ်းအားအရင်းအမြစ်ဖြစ်သော ကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ ဘုရင်ထံသို့ ပြန်လည်အာရုံစိုက်သင့်သည်ဟု ဆိုလိုသည်။ သို့သော် ပေါလု၏စိတ်ထဲတွင်ရှိခဲ့သော ဝိညာဉ်ရေးရာ သို့မဟုတ် ကောင်းကင်ဆိုင်ရာကိစ္စရပ်များသည် ကျွန်ုပ်တို့၏ပါဝင်မှုကို ဤလောကတွင် လိုအပ်နေသေးသည်။ ကောလောသဲ ၃:၁၂-၁၆ တွင် သူပြောထားသည်ကို နားထောင်ပါ_

> ထို့ကြောင့် သင်တို့သည် ဘုရားသခင် ရွေးကောက်သောသူ၊ သန့်ရှင်းသောသူ၊ ချစ်အပ်သောသူ ကဲ့သို့၊ သနားစုံမက်ခြင်း၊ ကျေးဇူးပြုခြင်း၊ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်း...အချင်းချင်းသည်းခံ၍ အပြစ်ကိုလွှတ်ကြလော့။ ခရစ်တော်သည် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူပြုကြလော့။ စုံလင်ခြင်းအဖွဲ့အစည်းတည်းဟူသော ချစ်ခြင်းမေတ္တာကို ထပ်၍ ယူတင်ဝတ်ဆောင်ကြလော့။ သင်တို့စိတ်နှလုံးအထဲ၌ ခရစ်တော်၏ ငြိမ်သက်ခြင်းအုပ်စိုးစေ။ ထိုသို့အလိုငှါ သင်တို့သည် တလုံး တကိုယ်တည်း၌ ခေါ်ထားတော်မူခြင်းကို ခံကြသည် ဖြစ်၍၊ ကျေးဇူးတော်ကို သိသောစိတ် ရှိကြလော့။ ခရစ်တော်၏နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ (ကောလောသဲ ၃း၁၂-၁၆)။

ကောင်းကင်ဆိုင်ရာစိတ်သဘောထားရှိရန်မှာ ကောင်းကင်ဘုံသို့တက်ကြွသည့် ခရစ်တော်ကို အာရုံစိုက်ရန်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ကမ္ဘာမြေပေါ် ရှိစဉ်တွင် ကိုယ်တော်၏ကောင်းချီးမင်္ဂလာများ၊ ကိုယ်တော်နှင့်ပို၍တူစေရန် ခွန်အားများကို ခံယူရရှိမည်ဖြစ်သည်။ ကောင်းကင်ဆိုင်ရာ သို့မဟုတ် ဝိညာဉ်ရေးရာကိစ္စရပ်များဟု ပေါလုယူဆခဲ့သည့်အရာကို သတိပြုပါ။ ၎င်းတို့အများစုမှာ



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဓိကအားဖြင့်—အချို့သောကိစ္စများမှလွဲ၍—ကရုဏာ၊ ကြင်နာမှု၊ နှိမ့်ချမှု၊ နူးညံ့သိမ်မွေ့မှု၊ သည်းခံမှု၊ ခွင့်လွှတ်မှု၊ ချစ်ခြင်းမေတ္တာနှင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းမှုကဲ့သို့သော အခြားလူများကိုဖော်ပြသည့် အပြန်အလှန်အကျိုးပြုသော သီလများဖြစ်သည်။ ဤသီလများသည် ယခုမျက်မှောက်လောက၌ အသက်ရှင်လှုပ်ရှားနေချိန်မှတစ်ပါး ကျင့်သုံး၍မရပါ။

အမှန်တကယ်တွင်၊ ကောလောသဲ ၃:၁၆–၄:၆ တွင် ပေါလုသည် ယုံကြည်သူများ၏လောကဆိုင်ရာ ဆက်ဆံရေးများစွာတွင် ဤသီလများကို ကျင့်သုံးနိုင်သည့် နည်းလမ်းများစွာကို ရှင်းပြခဲ့သည်။ ဥပမာ၊ ယုံကြည်သူများသည် ဆာလံသီချင်း၊ ဓမ္မသီချင်းများနှင့် ဝိညာဉ်ရေးသီချင်းများကို အတူတကွ သီဆိုခြင်းဖြင့် အချင်းချင်း သတိပေးသင့်သည်ဟု သူရေးသားခဲ့သည်။ ဇနီးမယားများသည် ခင်ပွန်းသည်တို့ကိုနာခံရန်၊ ခင်ပွန်းသည်များသည် ဇနီးမယားများကို ချစ်ရန် ညွှန်ကြားခဲ့သည်။ သားသမီးများကို မိဘစကားနာခံရန်၊ မိဘများအနေဖြင့် သားသမီးများကို အားပေးရန် ညွှန်ကြားခဲ့သည်။ သူသည် နာခံမှုနှင့် အကျိုးကိုဆောင်ရွက်ရန် ကျွန်များကိုတိုက်တွန်းခဲ့ပြီး၊ ကျွန်ုပ်တို့အားလုံး၏အရှင်သခင်ယေရှုသည် သူ၏အသင်းတော်ကို ဆက်ဆံသည့်နည်းအတိုင်း ၎င်းတို့၏ကျွန်များကိုဆက်ဆံရန် သခင်များကို မိန့်မှာခဲ့သည်။ ဧဝံဂေလိတရားကိုဟောတော်မူစဉ်တွင် ဘုရားသခင်သည် သူ့ကို ခိုင်ခံ့စေမည့်အကြောင်း ဆုတောင်းပေးရန် တောင်းဆိုခဲ့သည်။ ဧဝံဂေလိတရားအတွက် သူတို့ကိုယ်ပိုင်အခွင့်အရေးများ ပေါ်လာသောအခါ၊ လုံ့လဝီရိယနှင့် ပညာရှိရန် ကောလောသဲယုံကြည်သူများကိုညွှန်ကြားခဲ့သည်။ ဤညွှန်ကြားချက်အားလုံးသည် ဝိညာဉ်ရေးရာ သို့မဟုတ် ကောင်းကင်ဆိုင်ရာကိစ္စရပ်များနှင့်သက်ဆိုင်သည်။ သို့သော်လည်း ၎င်းတို့သည် မျက်မှောက်လောကတွင် တက်ကြွစွာ ပါဝင်ပတ်သက်မှုဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပေါလုအတွက်၊ ကောင်းကင်ဆိုင်ရာ သို့မဟုတ် ဝိညာဉ်ရေးရာ စိတ်ထားရှိခြင်းသည် ယခုအချိန်တွင် ကောင်းကင်ဘုံသည် မည်မျှအံ့သြဖွယ်ကောင်းသည်ကို လေးနက်စွာ တွေးတောဆင်ခြင်ရန်နှင့် ကျွန်ုပ်တို့၏ဘဝတစ်ခုလုံးကို ကောင်းကင်ဘုံ၌စိုးစံသော ဘုရင်ခရစ်တော်ထံ လမ်းညွှန်ရန်ဖြစ်သည်။ ၎င်းသည် အပြင်ပန်း အမူအကျင့်များပေါ်တွင်သာမဟုတ်ဘဲ၊ ကောင်းသောအကျင့်များကို လုပ်ဆောင်ရန် ကျွန်ုပ်တို့အတွင်း၌ ခရစ်တော်၏လုပ်ဆောင်ပုံကို အာရုံစိုက်ရန်ဖြစ်သည်။ သူတစ်ပါးကို ချစ်ရန်၊ သူတစ်ပါးကို ခွင့်လွှတ်ရန်၊ ကြင်နာတတ်ဖို့ရန်နှင့် နှိမ့်ချရန်ဖြစ်သည်။ ခရစ်တော်ကို ကျွန်ုပ်တို့၏ရှင်ဘုရင်အဖြစ် ချီးမြှောက်ရန်နှင့် ဘုရားသခင်၏နိုင်ငံတော်သည် ကောင်းကင်ဘုံတွင် ရှိနှင့်ပြီးဖြစ်သည့်အတိုင်း ယခုပင် ဤကမ္ဘာမြေကြီးပေါ်တွင် တည်ဆောက်ရန်၊ ပထမရာစု၌ ကောလောသဲသြဝါဒစာသည် ကောလောသဲယုံကြည်သူများအား ခေါ်သည့်အတိုင်း ယနေ့ကျွန်ုပ်တို့ကို ခေါ်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဂုံး

ဤသင်ခန်းစာတွင် တမန်တော်ပေါလု၏ကောလောသဲမြို့ရှိ ယုံကြည်သူများနှင့်ပေါင်းသင်းဆက်ဆံပုံကို အနီးကပ်လေ့လာထားပါသည်။ ကောလောသဲဩဝါဒစာ၏နောက်ခံသမိုင်းအပြင်၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ကျွန်ုပ်တို့လေ့လာခဲ့သည်။ နောက်ဆုံးတွင်၊ ကောလောသဲယုံကြည်သူများအတွက် ပေါလု၏သွန်သင်ချက်များကို မျက်မှောက်ခေတ်တွင်ကျင့်သုံးရန် လိုအပ်သည့်နည်းလမ်းအချို့ကို ကျွန်ုပ်တို့ ဆွေးနွေးထားပါသည်။

ကောလောသဲဩဝါဒစာတွင် ယနေ့ကျွန်ုပ်တို့အတွက် အရေးကြီးသောသင်ခန်းစာများစွာပါရှိသည်။ ၎င်းသည် ခရစ်တော်၏သာလွန်မြင့်မြတ်မှုအကြောင်းနှင့် ကိုယ်တော်၏ တမန်တော်များနှင့် သူတို့၏သွန်သင်ချက်များကို ကျွန်ုပ်တို့လေးစားသင့်သည်အကြောင်း သွန်သင်ပေးသည်။ ၎င်းသည် ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာ ကျွန်ုပ်တို့၏အခန်းကဏ္ဍနှင့် ခရစ်တော်၌ယခုကျွန်ုပ်တို့ရရှိသော ကြီးစွာသောကယ်တင်ခြင်းအကြောင်းကို ရှင်းပြသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံတွင် ပါဝင်ပြီးသားလူများအဖြစ်လည်းကောင်း၊ ကောင်းကင်တန်ဖိုးများကို ကမ္ဘာမြေကြီးသို့ ယူဆောင်လာရန် လုပ်ဆောင်သူများအနေဖြင့်လည်းကောင်း ဝိညာဉ်သဘောများဖြင့် အသက်ရှင်နေထိုင်ရန် ၎င်းသည်ကျွန်ုပ်တို့ကို တိုက်တွန်းအားပေးပါသည်။ ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာတွင် ရှေ့ဆက်သွားသည်နှင့်အမျှ၊ ဤကျမ်းတွင် ပေါလုသွန်သင်ခဲ့သည့် သင်ခန်းစာများကိုသတိရခြင်းသည် ကျွန်ုပ်တို့အား ကောင်းကင်ဘုံရှင်ဘုရင်ခရစ်တော်အား ချီးမြှောက်ခြင်းသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ထို့အပြင် ကျွန်ုပ်တို့သည် ကိုယ်တော်အားဖြင့်လည်းကောင်း၊ ဤလောက၌ ကိုယ်တော်အတွက် အသက်ရှင်နိုင်စေရန်အတွက် အတွင်းကျကျနက်ရှိုင်းစွာပြန်လည်ဆန်းသစ်မှုကို တွေ့ရမည်ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာလမ်းညွှန်များနှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။